ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

ပထမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၅.၀၂) ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ပထမနေ့ ၂၅-၇-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ကိုယ်စားပန်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇခုန်တိန့်ယိန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။ ဦးပူဂင်ကမ်းလျန် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ဒေါ်ရှီလာနန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ်။ ဗိုလ်မှူးကြီး လှဝင်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်။ ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်သားကိုယ်စားလှယ်နှင့် ဗိုလ်မှူးမျိုးမောင်သိန်း၊ တပ်မတော်သားကိုယ်စားလှယ်တို့ ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၁)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ် သပြေကန်-ယင်ရဲကန်-အုန်းနှံချောင်းနှင့် သပြေကန်-ဒါးခံရွာ - သင်ပုန်းချောင်း ရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ် သပြေကန်-ယင်ရဲကန်-အုန်းနှံချောင်းနှင့် သပြေကန်-ဒါးခံရွာ-သင်ပုန်းချောင်း ရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်

အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ သပြေကန်-ယင်ရဲကန်-အုန်းနှံချောင်းနှင့် သပြေကန်-ဒါးခံရွာ-သင်ပုန်းချောင်း ရွာချင်းဆက်လမ်းများအား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးလိုတဲ့ မေးခွန်းဖြစ်ပါတယ် ခင်ဗျား။

ဒီမေးခွန်းနဲ့ ပတ်သက်လို့ အကျိုးအကြောင်းကို စုံလင်စွာ ဖော်ပြတင်ပြရမယ်ဆိုပါလျှင် ကျွန်တော်တို့ ပေါက်တောမြို့နယ်ဟာ မြစ်ချောင်းအင်းအိုင်များ အလွန်ပေါများပြီး ကျွန်းကြီး၊ ကျွန်းငယ်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော မြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်ခင်ဗျား။ ပေါက်တောမြို့နယ်၏ မြောက်ဘက်ခြမ်းတွင် တောင်ရင်းကျွန်း-ပြားကျွန်း-ဝင်းကျွန်း-ပြည်စိုးကြီးကျွန်းတို့ တည်ရှိပြီး၊ ယခု ကျွန်တော်တင်ပြသော သပြေကန်ကျေးရွာကို ဗဟိုပြုပြီး ယင်ရဲကန်-အုန်းနှံချောင်း ရွာချင်းဆက်လမ်းနှင့် သပြေကန်-ဒါးခံရွာ-သင်ပုန်းချောင်း ရွာချင်းဆက်လမ်းဟာ အဲဒီအုပ်စုများအတွက် အလွန်အရေးပါသော ကျေးရွာချင်းဆက်လမ်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒီလမ်းကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအစိုးရလက်ထက်က ၁၉၇၉ ခုနှစ်တွင် နိုင်ငံတော်မှ ငွေကျပ်(၁၅၀၀၀)နှင့် ၎င်းကျေးရွာအုပ်စုမှ လူထုလုပ်အားဖြင့် ဆည်ဖို့ခဲ့တာကိုလည်း တွေ့ရခဲ့ပါတယ်ခင်ဗျား။

ယခုအချိန်တွင် ၎င်းရွာချင်းဆက်လမ်းများသည် အချိန်ကာလကြာလာပြီ ဖြစ်တဲ့အတွက်ကြောင့် ပျက်စီးယိုယွင်းခြင်းသို့ ရောက်ရှိနေပါတယ်ခင်ဗျား။ အဲဒီကျေးရွာ ရွာချင်းဆက်လမ်းကို အကောင်အထည်ဖော်နိုင်ပါက ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များ လွန်စွာ အဆင်ပြေချောမွေ့နိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ သပြေကန်ကျေးရွာတွင် အရေးကြီးသော ဌာနဆိုင်ရာများရှိသည်ကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ အဓိက အလယ်တန်းကျောင်း တည်ရှိနေခြင်း၊ တိုက်နယ်ဆေးရုံ တည်ရှိနေခြင်း၊ ရဲစခန်း တည်ရှိနေခြင်းတို့ ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့အချိန်တွင် သပြေကန်ကျေးရွာ အလယ်တန်းကျောင်းသို့ ဒါးခံရွာ၊ သင်ပုန်းချောင်း၊ ယင်ရဲကန်၊ အုန်းနှံချောင်းရွာတို့မှ ကျေးရွာသူ၊ ကျေးရွာသားများ လွယ်လင့်တကူပညာသင်ကြားရန် အခက်အခဲရှိနေတာကိုလည်း တွေ့ရပါတယ်။ ကျန်းမာရေးတွင်လည်း အဲဒီနည်းအတူပဲ ရှိနေပါတယ်။ အဲဒီအတွက်နဲ့ သပြေကန်ကျေးရွာကို ဗဟိုပြုပြီး ဒါးခံရွာ-သင်ပုန်းချောင်း-ယင်ရဲကန်-အုန်းနှံချောင်းကျေးရွာချင်း ဆက်လမ်းကို အမြန်ဆုံး အကောင်အထည်ဖော် ဆက်လက်လုပ်ဆောင်သင့်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး တစ်ဆင့်မှ ပြည်ထောင်စုအစိုးရသို့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်အတွင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု ဒဏ်ခံနေရခြင်းအပေါ် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မည့် အစီအမံကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး က ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်အတွင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု ဒဏ်ခံနေရခြင်းအပေါ် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မည့် အစီအမံကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့အား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးလိုတာကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်များအတွင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဒဏ် ခံနေရခြင်းအပေါ် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မည့် အစီအမံကို သိရှိလိုပါ၍ မေးခွန်းတင်ပြခဲ့ခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ရေး၊ ပျိုးရေး ပိုမိုအဆင်ပြေစိမ့်သောငှာ ရေတံခါးကြီးများ ငွေကုန်ကြေးကျခံ၍ တည်ဆောက်ပေးခဲ့သည်ကို သိရှိနားလည်ပါသည်။ သို့ပါသော်လည်း တည်ဆောက်ပေးပြီး နောက်နှစ်များတွင် ထိန်းသိမ်းမှု အားနည်းခဲ့ပါသဖြင့် တည်ဆောက်ပြီး ပထမနှစ်တွင် အဆင်ပြေခဲ့ပါသော်လည်း ဒုတိယနှစ်နောက်ပိုင်းမှ အစပြု၍ ရေနုတ်နိုင်မှု အားနည်းလာကာ အဆိုပါရေတံခါးများ၊ တည်ဆောက်ခဲ့သည့် ချောင်းမကြီးများ ကောလာခဲ့ပါသည်။ ယခင်က ဝါးတစ်ရိုက်ခန့် နက်ခဲ့သော ရေနုတ်ကောင်းခဲ့သည့် ချောင်းကြီးများမှာ ယခုအခါတွင် တစ်ပေ၊ နှစ်ပေခန့်သာ အနက်ရှိပါတော့သဖြင့် ၎င်းချောင်းကြီးများနှင့် ဆက်စပ်ချောင်းများပါ ကောလာပါတော့သည်။

သို့ဖြစ်ပါ၍ လွန်ခဲ့သည့် (၆)နှစ်ခန့်မှစ၍ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု၊ စပါးသီးနှံများ ပျက်စီးမှုဒဏ်ကို ဆိုးဝါးစွာ တောင်သူများက ခံစားနေကြရပါသည်။ ယင်းတို့နှင့် အဆိုးဝါးဆုံးခံစားနေရသည့် နေရာများမှာ သုံးခွမြို့နယ်၊ တကောရေတံခါးဧရိယာ၊ နန်ယောရေတံခါးဧရိယာ၊ ခရမ်းမြို့နယ်၊ ကင်းမွန်းချုံရေတံခါးဧရိယာများပင် ဖြစ်ပါသည်။ ခရမ်းမြို့နယ်ရှိ ကင်းမွန်းချုံရေတံခါးမှာ ရေတံခါးရှေ့တွင် သောင်ခုံ(၄)မိုင်ခန့်ပင် ထွန်းနေပြီဖြစ်ပါ၍ ရေနုတ်နိုင်စွမ်းအားလုံးဝမရှိတော့ပါ။ သုံးခွမြို့နယ်ဧရိယာ၌မူ ၃-၆-၂၀၁၆ ရက်နေ့က ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဖြေရှင်းပေးခဲ့သောကြောင့် တကောရေထိန်းတံခါးနယ်မြေမှာ ရေကြီးနစ်မြုပ်မှု လုံးဝ(လုံးဝ) မရှိတော့ပါ။ သို့သော်လည်း နန်ယောရေတံခါးဧရိယာမှာ ယခင်က ကဲ့သို့ပင် ရေနစ်မြုပ်မှု ရှိနေပါသေးသဖြင့် စိုက်ပျိုးပြီး စပါးများနှစ်ကြိမ်တိုင်တိုင် ပျက်စီးခဲ့ပြီးဖြစ်ပါသည်။ ယခု တတိယအကြိမ် စိုက်ပျိုးထားသော စပါးများမှာလည်း လာမည့် ဝါခေါင်ရေတွင် ပျက်စီးနိုင်ဦးမည် ဖြစ်ပါသည်။ ယခုအချိန်အထိ ဆုံးရှုံးမှုပမာဏမှာ ကျပ်သိန်း(၄၀၀၀)ခန့် ရှိမည်ဟု ခန့်မှန်းရပါသည်။

သို့ဖြစ်ပါ၍ ရေကြီးနစ်မြုပ်မှုဒဏ်ခံနေရဆဲ အခြေအနေများအပေါ် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မည့် အစီအမံကို သိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွင်း နိုင်ငံနှင့်အဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံး သွားခဲ့ရသည့် စိုက်ပျိုးသီးနှံများ၊ ရွှံ့နွံသဲများ၊ သစ်တုံးကြီးများ ဖုံးလွှမ်းသွား၍ စိုက်ပျိုးရန် ခက်ခဲသွားသည့် လယ်ယာမြေများနှင့် ဆုံးရှုံးနစ်နာခဲ့ရသည့် ကာယကံရှင် တောင်သူလယ်သမားများ အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့သော ပံ့ပိုးကူညီမှု အစီအမံများ ပြုလုပ်ဆောင်ရွက် ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် က ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွင်း နိုင်ငံနှင့်အဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီး ဆုံးရှုံးသွားခဲ့ရသည့် စိုက်ပျိုးသီးနှံများ၊ ရွှံ့နွံသဲများ၊ သစ်တုံးကြီးများ ဖုံးလွှမ်းသွား၍ စိုက်ပျိုးရန် ခက်ခဲ သွားသည့် လယ်ယာမြေများနှင့် ဆုံးရှုံးနစ်နာခဲ့ရသည့် ကာယကံရှင် တောင်သူလယ်သမားများ အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့သော ပံ့ပိုးကူညီမှု အစီအမံများ ပြုလုပ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ အမျိုးသားလွှတ်တော် မှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် မိမိကြယ်ပွင့်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ ၂၀၁၅ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ ကြီးမားစွာ ဖြစ်ပေါ်ခဲ့တဲ့အတွက် ထိုရေကြီး ရေလျှံမှုနဲ့အတူ လယ်ယာမြေဧကပေါင်း မြောက်မြားစွာ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ပျက်စီးဆုံးရှုံးခဲ့ရတဲ့ လယ်ယာမြေများထဲမှာ ပြန်လည်စိုက်ပျိုးလို့မရတဲ့ လယ်ယာမြေများကို နိုင်ငံတော် အစိုးရအနေနဲ့ မည်ကဲ့ သို့သော အစီအမံများ ကူညီဆောင်ရွက်မှုများကို ဆောင်ရွက်ထားပါသလဲဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွင်းမှာ နိုင်ငံ နှင့်အဝန်း ရေကြီးရေလျှံမှုများကြောင့် စိုက်ပျိုးသီးနှံ အများအပြားနှင့် လယ်ဧကပေါင်းမြောက်မြားစွာ ရေကြီးနစ်မြုပ်ပျက်စီးခဲ့ရပါတယ်။ သို့အတွက် နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများ အတိဒုက္ခ ရောက်ခဲ့ကြရပြီး စိုက်ပျိုးပြီးသား သီးနှံများ ပျက်စီးဆုံးရှုံးရုံမျှမက စိုက်ပျိုးလယ်ယာမြေ ဧကပေါင်း မြောက်မြားစွာ ရွှံ့နွံသဲများ၊ သစ်တုံးကြီးများ ဖုံးလွှမ်း၍ ပြန်လည်စိုက်ပျိုး၍ မရနိုင်သည့် အခြေအနေအထိ ဖြစ်ပေါ် ခဲ့ရပါတယ်။ မိမိရဲ့ မဲဆန္ဒနယ်မြေများ ဖြစ်ကြတဲ့ ကလေးမြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်း မြို့နယ်များမှာ လယ်ဧကပေါင်း (၃၀၀၀၀)ကျော် ရေကြီးနစ်မြုပ်ခံခဲ့ရပြီး၊ လယ်ဧက(၅၀၀၀)ကျော်မှာ ပြန်လည်စိုက်ပျိုးဖို့ အလွန်ခက်ခဲတဲ့ အခြေအနေတစ်ရပ် ဖြစ်ပေါ်ခဲ့ရပါတယ်။ ဖုံးလွှမ်းသွားတဲ့ ရွှံ့နွံသဲ၊

သစ်တုံးကြီးများကို ဒေသခံတောင်သူများအနေနဲ့ မိမိတို့ဘာသာ ပြန်လည်ဖယ်ရှားဖို့ အင်အားမရှိခဲ့ကြပါဘူး။ ငွေကြေးကုန်ကျမှု မတတ်နိုင်ခဲ့ကြပါဘူး။

သို့ဖြစ်ပါ၍ မိမိတို့အနေနဲ့ တောင်သူလယ်သမားများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ရေကြီးနစ်မြုပ်မှုကြောင့် ရွှံ့နွံသဲများ၊ သစ်တုံးကြီးများ ဖုံးလွှမ်းသွားခဲ့ရတဲ့ လယ်ယာမြေများကို နိုင်ငံတော်အစိုးရ၏ အကူအညီဖြင့် စက်ယန္တရားကြီးများ အသုံးပြုကာ ပြန်လည်စိုက်ပျိုး၍ရသည့် လယ်ယာမြေများအဖြစ်သို့ ရောက်ရှိအောင် ဆောင်ရွက်ပေးထားမှု အစီအစဉ် ရှိ/မရှိနှင့် စိုက်ပျိုးသီးနှံများ အပါအဝင် လယ်ဧကပေါင်း မြောက်မြားစွာ ဆုံးရှုံးခဲ့ရတဲ့ တောင်သူလယ်သမားများအတွက် နိုင်ငံတော်မှ ထုတ်ချေးထားတဲ့ စိုက်ပျိုး စရိတ်ချေးငွေများကို ပေးဆပ်ရမည့် ကာလကို တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ။ လက်ရှိ အခြေအနေတွင် လယ်ဧကပေါင်း မြောက်မြားစွာ ရွှံ့နွံသဲများ ဖုံးလွှမ်းသွားခဲ့ရတဲ့အတွက် ဆုံးရှုံးနစ်နာသွားတဲ့ ကာယကံရှင်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ပိုမိုထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မျိုးစပါးများ အခမဲ့ဖြန့်ဝေပေးခြင်း၊ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးရန် အစီအစဉ် ရှိ/မရှိနှင့်တကွ ပြီးခဲ့တဲ့ အပတ်က ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံဖြစ်ခဲ့ရတဲ့ ပျက်စီးဆုံးရှုံးသွားတဲ့ စိုက်ပျိုး လယ်ယာမြေများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ဖို့ ကမ္ဘာ့ဘဏ်မှ အမေရိကန် သန်း (၂၀၀) ချေးငှားထုတ်ချေးမှုအပေါ် မိမိရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင် အတွက် ဤဒေါ်လာသန်း(၂၀၀)မှ ပြန်လည်စိုက်ပျိုးရေး လယ်ယာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မည်မျှအထိ ခွဲဝေသုံးစွဲသွားမည်ကို သိရှိနိုင်မည်ဆိုပါက သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ပါတယ်။

မိမိအနေဖြင့် အထက်ပါမေးခွန်းများကို မိမိရဲ့ မဲဆန္ဒနယ်မြေများကို အခြေခံပြီး မေးမြန်းခဲ့ရပါသော်လည်း ယမန်နှစ်က ရေကြီးရေလျှံမှုများဟာ နိုင်ငံနဲ့အဝန်းဖြစ်ပျက်ခဲ့တဲ့ ဆုံးရှုံးနစ်နာခဲ့ကြရတဲ့ ဒေသအသီးသီးမှ တောင်သူလယ်သမားများအားလုံးအတွက် ကိုယ်စား ခြုံငုံမေးမြန်းရခြင်း ဖြစ်ပါကြောင်း လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးနှင့်တကွ ဧည့်သည်တော်များအားလုံးကို ဦးစွာပထမအနေနှင့် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဦးစွာပထမအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဖြစ်တဲ့ ကျွန်တော် ဒေါက်တာအောင်သူ မှနေ၍ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဦးတက်ထွန်းအောင် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတက်ထွန်းအောင် က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာနဲ့ ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ဦးစွာပြောကြားလိုပါတယ်။

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်းမှာရှိတဲ့ သပြေကန်- ယင်ရဲကန်- အုန်းနှံချောင်း ကျေးရွာချင်းဆက်တဲ့လမ်းဟာ အရှည် (၃)မိုင်(၂)ဖာလုံရှိပြီး၊ ၁၉၇၉ ခုနှစ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက် နိုင်ငံတော်ထောက်ပံ့ငွေကျပ်(၁၅၀၀၀)နှင့် ဒေသခံလူထုလုပ်အားနှင့် ၁၉၈၀ ခုနှစ်မှာ လမ်းနယ်ရရှိအောင် ဆည်ဖို့ထားတဲ့လမ်း ဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာ လူသွားလမ်းအဆင့်သာရှိပါတယ်။ မြေသားလမ်း ဖောက်လုပ်မည်ဆိုပါက ငွေကျပ်(၇၈.၆၅)သန်း၊ အဆိုပါ လမ်းပေါ်မှာရှိတဲ့ ရေပြွန်(၆)စင်း တည်ဆောက်ပါက ငွေကျပ်(၁၂)သန်း၊ စုစုပေါင်း ငွေကျပ် (၉၀.၆၅) သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ ထို့အတူပဲ ပေါက်တောမြို့နယ် အတွင်းမှာရှိတဲ့ သပြေကန်-ဒါးခံရွာ-သင်ပုန်းချောင်း ကျေးရွာချင်းဆက်လမ်းဟာ အရှည်(၁)မိုင် (၆)ဖာလုံရှိတဲ့ လူသွားလမ်းဖြစ်ပြီး မြေသားလမ်းဖောက်လုပ်မည်ဆိုပါက ငွေကျပ်(၄၂.၃၅)သန်း၊ အဆိုပါ လမ်းပေါ်မှာ ရေပြွန် (၄)စင်း တည်ဆောက်ပါက ငွေကျပ်(၈)သန်း၊ စုစုပေါင်းငွေကျပ် (၅၀.၃၅)သန်းခန့် ကုန်ကျမှာ ဖြစ်ပါတယ်။

အဆိုပါကျေးရွာချင်းဆက်လမ်း (၂)လမ်းအတွက် အိမ်ခြေပေါင်း(၁၅၃၆)၊ လူဦးရေ (၆၅၃၈)ဦး အကျိုးပြုတယ်လို့ သိရှိရပါတယ်။ လက်ရှိကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ဆောင်ရွက်မှုပုံစံကို ဦးစွာပထမ တင်ပြချင်ပါတယ်။ ကျေးလက်ဒေသဦးစီးဌာနအနေနဲ့ ဘတ်ဂျက်လျာထား ဆောင်ရွက်တဲ့နေရာမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းမှာရှိတဲ့ လူဦးရေ အချိုးအစားများအရ လျာထားတဲ့အပြင် ပြည်နယ်/တိုင်းဒေသကြီးများအတွင်းမှာရှိတဲ့ မြို့နယ်များ အားလုံးကိုလည်း ပါဝင်လျာထားပေးပါတယ်။ ဒါ့အပြင် ကျေးရွာများရဲ့လိုအပ်ချက်များကို မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်၊ တိုင်းဒေသကြီးများမှတစ်ဆင့် ထောက်ခံလာမှုများအပေါ်မှာလည်းပဲ ဦးစားပေးအစီအစဉ်အတိုင်း ရွေးချယ်လျာထားပေးပါတယ်။ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ရန်အတွက် ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် လျာထားချက်များကို တင်ပြရမယ်ဆိုရင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနှင့် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၄၁၄၂.၈၉၂)သန်းဖြင့် ကွန်ကရစ်လမ်း (၃)မိုင်(၃)ဖာလုံ၊ ကတ္တရာလမ်း(၁)မိုင်(၆)ဖာလုံ၊ ကျောက်ချောလမ်း(၂၁)မိုင် (၇)ဖာလုံ၊ မြေသားလမ်း(၂၄)မိုင် (၅)ဖာလုံ၊ ကွန်ကရစ်တံတား(၅၄၀)ပေနဲ့ ရေပြွန်(၃၃၅)ပေတို့ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအရ ဆောင်ရွက်ပေးရန် လျာထားပါတယ်။

ပေါက်တောမြို့နယ်အတွက် လျာထားချက်များကို ဖော်ပြရမယ်ဆိုရင်တော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် (၈၀.၀၄)သန်းဖြင့် ပေါက်တော-တောင်းဖူးလမ်းမှ အဝကံ ကျေးရွာချင်းဆက်လမ်း မြေသားလမ်း(၂)မိုင်နှင့် ပေါက်တော-လက်ပံပြား လမ်းပေါ်မှာရှိတဲ့ ကွန်ကရစ် တံတား (၄)စင်း၊ (၄၀)ပေတို့ကို ဆောင်ရွက်ပေးရန် လျာထား ထားပါတယ်။ ဒါ့အပြင် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်တဲ့နေရာမှာ နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုရန်ပုံငွေဘောင်အတွင်းကနေ ဦးစားပေးလုပ်ငန်းများကို လျာထားဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ် တင်ပြတဲ့ လုပ်ငန်း

များဟာ ယခုနှစ်အတွင်းမှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း နှစ်အလိုက် ဦးစားပေးအရ လျာထားတင်ပြပေးသွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းမှာ ကျေးရွာချင်းဆက်လမ်း နှစ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိတဲ့အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့်စိုး ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့်စိုး ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်အတွင်းမှာရှိတဲ့ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဒဏ် ခံနေရခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်များဟာ ပင်လယ်နှင့်ထိစပ်လျက်ရှိပြီး စိုက်ပျိုး မြေဧရိယာအများစုမှာ ရေကြီးကွင်း၊ ရေနက်ကွင်းများ ဖြစ်သည့်အလျောက် ရေငန်ဝင်ရောက်နစ်မြုပ်မှုကြောင့် ယခင်အချိန်က စိုက်ပျိုးနိုင်ခြင်းမရှိခဲ့ဘဲ ကုန်းမြင့်ပိုင်းဧရိယာများတွင်သာ မိုးစပါးနှင့် ဆောင်းသီးနှံဖြစ်သည့် ပဲတီစိမ်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆားငန်ရေဝင်ရောက် နစ်မြုပ်မှုကာကွယ်ရန်အတွက် ရေငန်တားတာများ ပတ်၍တည်ဆောက်ခြင်း၊ ရေချိုထိန်းသိမ်းသိုလှောင်ထားနိုင်ရန်နှင့် ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန် ရေငန်တားတာများနှင့် တွဲဖက်၍ ရေထိန်းတံခါးများ ထည့်သွင်းတည်ဆောက်ခြင်း၊ မိုးရာသီတွင် ကွင်းရေများ ကောင်းမွန်စွာ ထုတ်နုတ်နိုင်ရန် ကျွန်းပတ်တာအတွင်း ရေနုတ်မြောင်းများတူးဖော်ခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ဖို့ရန်အတွက် လိုအပ်တဲ့ စူးစမ်းလေ့လာတိုင်းတာခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ယင်းစူးစမ်းလေ့လာမှုများအရ ဖြစ်မြောက်နိုင်စွမ်းရှိခြင်း၊ အကျိုးဖြစ်ထွန်းနိုင်မှု ကြီးမားခြင်းတို့ကြောင့် ကျွန်းပတ်တာများကို ၁၉၆၁ ခုနှစ်မှ စတင်တည်ဆောက်ပေးခဲ့ပြီးတဲ့နောက်မှာ ရေထိန်းတံခါးများကိုလည်း လိုအပ်သလို ထည့်သွင်းတည်ဆောက်ပေးခဲ့တဲ့နေရာမှာ သုံးခွမြို့နယ်အတွင်းမှာရှိတဲ့ မှော်ဝန်းချောင်းရဲ့ လက်တက်ချောင်းများဖြစ်တဲ့ နန်ယောချောင်းပေါ်မှာ သုံးခွရေထိန်းတံခါး၊ တကောချောင်းပေါ်တွင် တကောရေထိန်းတံခါး၊ ကဒပွနချောင်းပေါ်မှာ ကဒပွနရေထိန်းတံခါးများကို တည်ဆောက်ပေးခဲ့ပါတယ်။ အဆိုပါ ရေထိန်းတံခါးသုံးခုမှာ ရန်ကုန်မြို့ မိုင်(၃၀)ဝန်းကျင် အရှေ့ခြမ်းစိမ်းလန်းစိုပြည်ရေးစီမံချက်မှာပါဝင်ပြီး ပဲခူးရိုးမ အရှေ့ဘက်ခြမ်းမှာရှိတဲ့ရေလှောင်တမံများမှ ပိုလျှံ၍ ပေးပို့ဖြည့်တင်းပေးတဲ့ရေချိုများကို မှော်ဝန်းချောင်းမှနေပြီး ပင်လယ်ထဲသို့စီးထွက်ပြီး ဆုံးရှုံးသွားမှု မရှိစေရန်အတွက် ပိတ်ဆို့ထိန်းသိမ်းပြီး ခရမ်းနှင့်သုံးခွမြို့နယ်တို့ကို ရေချိုရရှိအောင် အကျိုးပြုစေနိုင်ပါတယ်။

ဒါ့အပြင် ပင်လယ်ဆားငန်ရေ ဝင်ရောက်မှုကိုကာကွယ်ပေးနိုင်ခြင်း၊ ပင်လယ်ဒီရေနှင့်အတူ စီးဆင်းပါလာတဲ့ သဲနုန်းများ ချောင်းအတွင်း ပို့ချပြီး တိမ်ကောမှုကိုကာကွယ်ပေးနိုင်ခြင်း၊ မိုးရာသီတွင်

သုံးခွမြို့နယ်အတွင်းမှာရှိတဲ့ ပိုလျှံတဲ့ကွင်းရေများကို လိုအပ်သလို ထိန်းညှိထုတ်နုတ်ပေးနိုင်ခြင်းဖြင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးပြီး ရေတော်မိုးတော်စိုက်ပျိုးနိုင်စေခြင်း စသည်ဖြင့် အကျိုးပြုစေလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာပါတဲ့ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်အတွင်းမှာရှိတဲ့ တည်ဆောက်ထားတဲ့ ရေတံခါးများမှာ ကာလကြာရှည်လာတဲ့အလျောက် ရေတံခါးရဲ့အတွင်းနဲ့အပြင် ရေနုတ်မြောင်းများနှင့် ဆက်စပ်သဘာဝချောင်းများ ကောလာမှုကြောင့် ရေနုတ်နိုင်စွမ်းအား လျော့နည်းလာတာကို တစ်ပြိုင်နက်တည်းမှာ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု ခံနေရခြင်းနဲ့ပတ်သက်၍ အောက်ပါအတိုင်းရှင်းလင်းဖြေကြားအပ်ပါတယ်။

ရေတံခါး၏ သဘောသဘာဝအရ အပြင်ဘက် ရေထွက်မြောင်းများတွင်သာ သဲနုန်းတက်ရောက်ပို့ချပြီး ရေတံခါးရဲ့အတွင်းဘက်ချောင်းများမှာ မိုးရာသီမှာ ကွင်းရေထုတ်နုတ်ခြင်းအားဖြင့် ချောင်းထဲမှ သဲနုန်းအနည်များကို တိုက်စားပြီး စီးဆင်းစေတဲ့အတွက် ချောင်းအတွင်းသဲနုန်းပို့ချပြီး တိမ်ကောမှု နည်းပါး ပါတယ်။ ရေထိန်းတံခါးများသာ မရှိခဲ့ပါက ပင်လယ်ဒီရေ စီးဝင်မှုနှင့်အတူ သဲနုန်းများပို့ချပြီး ချောင်းမြောင်းများအားလုံး တိမ်ကောသွားစေမှာ ဖြစ်ပါတယ်။ ဌာနအနေနှင့် ရေထိန်းတံခါးများ၏ အပြင်ဘက် ရေထွက်မြောင်းများမှာ ပို့ချလာတဲ့သဲနုန်းများကို လိုအပ်သလို တူးဖော်ပေးလျက်ရှိတဲ့အပြင် တကောရေတံခါးကို မူလတည်ဆောက်စဉ်ကအတိုင်း အသုံးပြုနိုင်အောင် လိုအပ်တဲ့အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး၊ တကောရေထိန်းတံခါး၏ ရေဝင်ရေထွက်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ရေထိန်းတံခါးများ၏ ထိန်းသိမ်းလည်ပတ်မှုလုပ်ငန်းများကိုလည်း အထူးအလေးထား၍ စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။

ဆက်လက်ပြီး ခရမ်းနှင့် သုံးခွမြို့နယ်များမှာ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားလိုပါတယ်။ ခရမ်းမြို့နယ် အရှေ့ဘက်ခြမ်းဧရိယာမှ ကွင်းရေများကိုထုတ်နုတ်ပေးနိုင်ရန်အတွက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း(၁၃)ခုကို ဆောင်ရွက်ရမှာဖြစ်ပြီး၊ အဆိုပါလုပ်ငန်း(၁၃)ခုအနက် လုပ်ငန်း(၅)ခုကို ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးရဲ့ မူလရန်ပုံငွေမှာ ခွဲဝေရရှိပြီးဖြစ်တဲ့အတွက် လုပ်ငန်းများအမြန်ဆုံး စတင်ဆောင်ရွက်လျက်ရှိပါတယ်။ သုံးခွမြို့နယ်အတွင်းမှာရှိတဲ့ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုများ လျော့ပါးသက်သာစေရေးအတွက် လုပ်ငန်း(၁၉)ခု ဆောင်ရွက်ရမည်ဖြစ်ပြီး၊ အဆိုပါလုပ်ငန်း(၁၉)ခုအနက်မှ လုပ်ငန်း(၃)ခုအား ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မူလခွင့်ပြုရန်ပုံငွေခွဲဝေရရှိပြီး ဖြစ်တဲ့အတွက် လုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်လျက်ရှိပါတယ်။ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်အတွင်းမှာရှိတဲ့ ဆောင်ရွက်ရန် ကျန်ရှိတဲ့လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်း တိုင်းတာခြင်း ဆောင်ရွက်ရမည့်လုပ်ငန်းပမာဏမှာ ခန့်မှန်းကုန်ကျငွေများတွက်ချက်ပြီး တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မှာအခြေခံ၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး သုံးခွနှင့် ခရမ်းမြို့နယ်များအတွင်း တည်ဆောက်ထားတဲ့ ရေထိန်းတံခါးများ၊ ရေနုတ်မြောင်းများ၊ ရေငန်တား တာများဟာ ဒေသနေပြည်သူများအတွက်

ရေချိုပေးပို့ရန်၊ ရေချိုထိန်းသိမ်းရန်၊ ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန်နှင့် မိုးရာသီရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် စသည့်အချက်များအပေါ် အခြေခံ၍ တည်ဆောက်ပေးထားခြင်းဖြစ်၍ မူလတည်ဆောက်ခဲ့သည့်ရည်ရွယ်ချက် လုပ်ငန်းစဉ်များအတိုင်း အကျိုးပြုနိုင်စေရေးအတွက် ရေထိန်းတံခါးများ အကြီးစားပြုပြင်ပေးခြင်း၊ ဆက်စပ်ရေနုတ်မြောင်းများနှင့် ရေသွင်း/ရေထုတ်မြောင်းများ တူးဖော်ပေးခြင်းဖြင့် သုံးခွနှင့်ခရမ်းမြို့နယ်အတွင်းမှ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေနိုင်မည် ဖြစ်ပါသောကြောင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များပေါ်မှာ ရန်ပုံငွေရရှိမှုပေါ် အခြေခံကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇွန်၊ ဇူလိုင်နဲ့ ဩဂုတ်လများမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးမှု များပြားတဲ့ စစ်ကိုင်း၊ ရခိုင်၊ မကွေး၊ ကချင်၊ ပဲခူး၊ ရှမ်း၊ ဧရာဝတီနဲ့ ရန်ကုန်စတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်(၈)ခုတို့မှာ ရေကြီးနစ်မြုပ်ခဲ့ပါတယ်။ မြို့နယ်များမှာရှိတဲ့ စက်မှုလယ်ယာ စခန်းများမှ ဌာနမှ ဌာနပိုင် ထွန်စက်များအပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွက် တိုင်းအတွင်းမှာရှိတဲ့ စက်မှုလယ်ယာစခန်းများမှ ထွန်စက်ကြီး (၂၅)စီး၊ မန္တလေးတိုင်းဒေသကြီးမှ ထွန်စက်ကြီး(၃၅)စီး၊ နေပြည်တော်မှ(၂၀)စီး စုစုပေါင်း အစီး (၈၀) ဖြင့် ၅-၈-၂၀၁၅ရက်နေ့မှ ၁၅-၁၀-၂၀၁၅ ရက်နေ့အထိ ပြန်လည်ထူထောင်ရေးအတွက် သဲ၊ ကျောက်၊ သစ်တုံး ဖယ်ရှားခြင်း (၁၆၁၆)ဧက၊ နုန်းဖယ်ခြင်း(၂၅၆၃)နာရီ၊ ကန်သင်းဖော်မြေညှိခြင်း (၆၇၀၅)ဧက၊ မိုးစပါး စိုက်ပျိုးရန် ထွန်ယက်ခြင်း(၆၁၆၂)ဧက ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် ဆောင်းသီးနှံစိုက်ပျိုးရန်အတွက်(၁၃၆၅၃)ဧက ထွန်ယက်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ထို့အတူ ရေနစ်ပျက်စီးခဲ့တဲ့တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများဖြစ်တဲ့ ထွန်စက်ကြီး (၁၂)စီး၊ လက်တွန်းထွန်စက်(၁၂၃၉)စီး၊ ရေစုပ်စက်(၁၇၇)လုံးတို့အား ဌာနရှိ ကျွမ်းကျင်ပြင်ဆင်ရေးဝန်ထမ်းများဖြင့် ကျေးရွာများသို့ ကွင်းဆင်း၍ ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး မူလစက်(၂၅)စီး၊ အသစ်ထပ်မံဖြည့်ဆည်းသည့်ထွန်စက်ကြီး (၇၅)စီးဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မိုးစပါးစိုက်ပျိုးနိုင်ရန်(၁၄၇၀၁)ဧက ကန်သင်းဖော် မြေညှိလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ဆိုလို့ရှိရင်လည်းပဲ တိုင်းအတွင်းမှာရှိတဲ့ စက်မှုလယ်ယာစခန်းများမှ ထွန်စက်ကြီး(၄၅)စီး၊ နေပြည်တော်မှ(၁၅)စီး၊ စုစုပေါင်း ထွန်စက်ကြီး အစီး (၆၀)နှင့် ၅-၈-၂၀၁၅ ရက်မှ ၃၀-၉-၂၀၁၅ ရက်နေ့အထိ မိုးစပါးစိုက်ပျိုးရန် ထွန်ယက်ခြင်း (၆၉၀၂)ဧက ထွန်ယက်ပေးခဲ့ပြီး၊ ယခုနှစ် မိုးစပါးစိုက်ပျိုးရေးတွင် ထွန်ယက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် ထွန်စက်ကြီးအသစ်(၃၅)စီး ထပ်မံဖြည့်တင်း ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ် ရေကြီးနစ်မြုပ်ဒေသများဖြစ်တဲ့ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပုဏ္ဏားကျွန်းနဲ့ ဘူးသီးတောင်မြို့နယ်များမှာရှိတဲ့ ထိခိုက်ပျက်စီးသွားတဲ့လယ်မြေများကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် ဌာနပိုင်ထွန်စက်(၂၅)စီးအပြင် တောင်သူများအတွက် လိုအပ်သော ဒေါင်ဖန်း လက်တွန်းထွန်စက်(၁၀၀)စီးကို ရန်ကုန်မှကျောက်တော်မြို့သို့ ရေကြောင်းခရီးဖြင့် ၉-၈-၂၀၁၅ ရက်နေ့မှာ ပေးပို့ပြီး မိုးစပါး(၁၂၈၀)ဧက ထွန်ယက်ပေးခဲ့ပါတယ်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရေးအတွက် ထွန်ယက်ရေးလုပ်ငန်း ပိုမိုဆောင်ရွက်နိုင်ရန် ထွန်စက်ကြီးအသစ်(၂၀)စီး ထပ်မံဖြည့်တင်းထားပြီး ဖြစ်ပါတယ်။ စက်မှုလယ်ယာဦးစီးဌာနမှ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA အဖွဲ့သို့ညှိနှိုင်း အကူအညီ တောင်းခံခဲ့ရာ JICA ၏ Special Emergency Support for Rehabilitation Activities အစီအစဉ်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ရေဘေးသင့်ဒေသများမှာ JICA အဖွဲ့မှ လှူဒါန်းသည့် စက်သုံးဒီဇယ်ဆီ(၈၁၁၃၂)ဂါလန်ဖြင့် သစ်တုံးဖုံးလယ်မြေများမှ သစ်တုံးဖယ်ရှားခြင်း၊ မြေညှိခြင်းနှင့် ဆောင်းသီးနှံထွန်ယက်ရေး(၁၄၇၀၁)ဧက၊ ကန်သင်းဖော်မြေညှိခြင်း (၇၃၆၈)ဧက လုပ်ငန်းများ ဆောင်ရွက်စေခဲ့ပြီး မိုးစပါးစိုက်ပျိုးရေးအတွက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဆက်လက်တင်ပြလိုတာကတော့ ငွေချေးယူသူများ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ် အဆင့်ဆင့် ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးယူသူတွေဟာ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ မကာကွယ်မတားဆီးနိုင်သော အကြောင်းကြောင့်ဖြစ်စေ၊ ၎င်း၏ စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးသဖြင့် ဘဏ်မှချေးယူထားသောငွေများကို အချိန်မှန် ပြန်လည်မပေးဆပ်နိုင်ပါက ပေးဆပ်ရမည့်ရက်ကို ရွှေ့ဆိုင်းပေးပါရန် မြို့နယ်ဘဏ်ခွဲမန်နေဂျာထံ တင်ပြလျှောက်ထားနိုင်ပါတယ်။ မြို့နယ်မန်နေဂျာက စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးတဲ့နောက်မှာ သဘောထားမှတ်ချက်နှင့်အတူ မြို့နယ်ချေးငွေအကြံပေးအဖွဲ့ထံ စုံစမ်းစစ်ဆေးရေးအမှုတွဲကို တင်ပြရမှာ ဖြစ်ပါတယ်။ မြို့နယ်အကြံပေးအဖွဲ့မှတစ်ဆင့် ၎င်း၏ဆုံးဖြတ်ချက်နှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်အကြံပေးအဖွဲ့သို့ ဆက်လက်တင်ပြရမှာဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ် အကြံပေးအဖွဲ့က ၎င်း၏ သဘောထားမှတ်ချက်နှင့်အတူ ဘဏ်ရုံးချုပ်သို့ ဆက်လက်ပေးပို့ရမှာလည်း ဖြစ်ပါတယ်။ ဘဏ်ဒါရိုက်တာအဖွဲ့က ထိုက်သင့်သလို စိစစ်ပြီးတဲ့နောက်မှာ ချေးငွေပေးဆပ်ရမည့်ရက်ကို ရွှေ့ဆိုင်းနိုင်ပါတယ်။ တောင်သူလယ်သမားများအနေဖြင့် ရက်ရွှေ့ဆိုင်းပေးဆပ်ခွင့်ရရှိပါက ဘဏ်ဒါရိုက်တာအဖွဲ့က သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ ချေးငွေသစ်အတွက် တင်ပြလျှောက်ထားနိုင်ပါတယ်။ ချေးငွေပေးဆပ်ရက်ကို ချေးငွေညွှန်ကြားစာပါ သတ်မှတ်ရက်အတွင်း မပေးဆပ်နိုင်ခြင်းနှင့် အထက်ဖော်ပြပါ ချေးငွေအား အကြောင်းရင်းခိုင်မာမှုတစ်ခုခုကြောင့် ရက်ရွှေ့ဆိုင်းလိုခြင်းကိစ္စကိုလည်း တင်ပြနိုင်ခဲ့ခြင်းမရှိပါက သတ်မှတ်ရက်ထက် ကျော်လွန်ပေးဆပ်လျှင် ဒဏ်တိုးအဖြစ်နဲ့ ငွေတစ်ရာကျပ်မှာ တစ်လကို တစ်ကျပ်နှုန်း ပေးသွင်းပြီး ပြန်လည်ပေးဆပ်မှု ပြုနိုင်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တောင်သူလယ်သမားများအား ချေးငွေထုတ်ချေးရန် ရန်ပုံငွေခွင့်ပြုချက်များ ရရှိပြီးဖြစ်တဲ့အတွက် ၂၀၁၆ မိုးချေးငွေများကို ၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက်မှ စတင်ထုတ်ချေးနေပြီဖြစ်ပြီး ယခင်(၁၀၀၀၀၀)မှ မိုးစပါးတစ်ဧက အတွက် ယခုအခါ (၁၅၀၀၀၀)နှုန်းဖြင့် ထုတ်ချေးပေးနေပြီလည်း ဖြစ်ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ထိုစဉ်ကာလက စစ်ကိုင်းတိုင်းဒေသကြီးမှာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးသွားတဲ့သီးနှံများ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရန်အတွက် မျိုးဖိုးလိုအပ်ငွေများကို နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေနဲ့ စိုက်ပျိုးရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေတို့မှ ကျပ်(၈၁၁.၁၀၂)သန်း ပံ့ပိုးပေးခဲ့ပါတယ်။ အလားတူ ထိုစဉ်ကာလက နိုင်ငံနှင့်အဝန်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံတော်သမ္မတရဲ့သီးသန့်ရန်ပုံငွေနဲ့စိုက်ပျိုးရေးဦးစီးဌာန ပြည်ထောင်စု

ရန်ပုံငွေတို့မှ ကယားပြည်နယ်မှာ ကျပ်(၇.၉၃၂)သန်း၊ ပဲခူးတိုင်းဒေသကြီးမှာ ကျပ်(၁၂၃၄.၀၉၃)သန်း၊ မကွေးတိုင်းဒေသကြီးမှာ ကျပ်(၄၀၆.၀၅၈)သန်း၊ မန္တလေးတိုင်းဒေသကြီးမှာ ကျပ်(၇.၅၂၄)သန်း၊ မွန်ပြည်နယ်မှာ ကျပ်(၃.၅၀)သန်း၊ ရခိုင်ပြည်နယ်မှာ ကျပ်(၁၆၈၈.၄၃၀)သန်း၊ ရန်ကုန်တိုင်းဒေသကြီးမှာ ကျပ်(၃၀.၀၀)သန်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွက် ကျပ်(၃၀.၀၀)သန်းနဲ့ စုစုပေါင်း ကျပ်(၄၂၁၈.၆၃၉)သန်းကို ထောက်ပံ့ငွေအဖြစ် ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ထောက်ခံချက်များဖြင့် ပံ့ပိုးကူညီခဲ့ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တစ်ဆက်တည်း တင်ပြလိုတာကတော့ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက ကလေးမြို့နယ်ကို ရောက်ရှိတဲ့အခါမှာ နိုင်ငံတော်အနေနဲ့ ဖြည့်ဆည်းပေးစရာ လုပ်ငန်းရပ်များသည် စောစောတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို ဧက (၅၀၀၀)ကျော် ကျန်ရှိနေတယ်လို့ တင်ပြပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနအနေနဲ့ မိမိတို့ရဲ့ အတတ်နိုင်ဆုံးနဲ့ ဖြစ်နိုင်သော ရန်ပုံငွေကို ရှာဖွေပြီး နိုင်ငံတော်ဒုတိယသမ္မတရဲ့ခရီးစဉ်မှာ တင်ပြခဲ့တာကတော့ စစ်ဆေးခဲ့တဲ့ ကျေးရွာ(၅)ရွာရဲ့ အခြေအနေကို စာရင်းကောက်ခံပြီး လာမယ့်ပွင့်လင်းရာသီမှာ ရန်ပုံငွေရှာဖွေပြီး ဧက (၂၀၀၀)ခန့် ထပ်မံပြုပြင်ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်းကို တင်ပြရင်းနဲ့ပဲ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်း ဘေးဝဲ/ယာရှိ ချုံပင်များ ခုတ်ထွင်ရှင်းလင်းရန်နှင့် ပျက်စီးနေသော သံလမ်းများ၊ ရေပေါက်များ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ပြုလုပ် ပေးနိုင်ခြင်း ရှိ/မရှိ၊ မန္တလေး-မြစ်ကြီးနား မီးရထား လူစီးတွဲများကို ရန်ကုန်-မန္တလေး မီးရထား လူစီးတွဲများနှင့် တစ်ပြေးညီ ပြေးဆွဲပေးနိုင်ခြင်း ရှိ/မရှိ နှင့် မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအား တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် က မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်း ဘေးဝဲ/ယာရှိ ချုံပင်များ ခုတ်ထွင်ရှင်းလင်းရန်နှင့် ပျက်စီးနေသော သံလမ်းများ၊ ရေပေါက်များ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ၊ မန္တလေး-မြစ်ကြီးနား မီးရထား လူစီးတွဲများကို ရန်ကုန်-မန္တလေး မီးရထား လူစီးတွဲများနှင့် တစ်ပြေးညီ ပြေးဆွဲပေးနိုင်ခြင်း ရှိ/မရှိနှင့် မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအား တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ထမ်းများနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် ဖြစ်ပါတယ်။ ခွင့်ပြုချိန် (၃)မိနစ်၊ အပို (၂) မိနစ်ပေါင်း (၅)မိနစ်ကို ခွင့်ပြုပေးပါရန် ကြိုတင်ခွင့်တောင်းအပ်ပါတယ်။

ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်း ဘေးဝဲ/ယာမှာရှိတဲ့ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းရန်နှင့် ပျက်စီးနေသော သံလမ်းများ၊ ရေပေါက်များကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ၊ မန္တလေး-မြစ်ကြီးနား မီးရထား လူစီးတွဲများကို ရန်ကုန်-မန္တလေး မီးရထား လူစီးတွဲများနှင့် တစ်ပြေးညီ ပြေးဆွဲပေးနိုင်ခြင်း ရှိ/မရှိနှင့် မန္တလေး- ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးအား တိုးချဲ့ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်ပြီးမှ သိလိုတဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်း ဘေးဝဲ/ယာမှာရှိတဲ့ အချို့သော ဧရိယာတို့မှာ ချုံပင်များဟာ လူစီးတွဲ ပြတင်းပေါက်များကို ပွတ်တိုက်ရိုက်ခတ်လျက်ရှိနေတဲ့အတွက်ကြောင့်မို့လို့ ခရီးသွား မိဘပြည်သူများကို အန္တရာယ်ကျရောက်လျက် ရှိနေပါတယ်။ အဓိက တွေ့ရှိနေတာကတော့ စစ်ကိုင်းတိုင်းအတွင်းမှာ ပိုမိုတွေ့ရှိရပါတယ်။ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်း စစ်ကိုင်းတိုင်းအထက်ပိုင်းနဲ့ ကချင်ပြည်နယ်အောက်ပိုင်းအချို့နေရာများမှာ လွန်ခဲ့တဲ့မိုးကာလမှာ ရေကြီးရေလျှံမှုကြောင့် သံလမ်းများ၊ ရေပေါက်များ ပျက်စီးခဲ့ပြီးတော့မှ ၎င်းပျက်စီးယိုယွင်းမှုများကို ယာယီအစားထိုးမှုပုံစံဖြင့် ပြုလုပ်ထားသည်ကို တွေ့ရပါတယ်။ အဲဒီယာယီအစားထိုးမှုပုံစံဟာ ယခုနှစ် မိုးကာလမှာ ပျက်စီးမည့်အန္တရာယ်နှင့် ကြုံတွေ့ရနိုင်ပါတယ်။ အဓိကကတော့ ယခင်နှစ်က ပျက်စီးခဲ့တဲ့နေရာ အဓိကကတော့ ဇော်ချောင်းတံတားပတ်ဝန်းကျင်ဖြစ်ပါတယ်။ နောက်မန္တလေး-မြစ်ကြီးနားကို ပြေးဆွဲနေတဲ့ မီးရထားလူစီးတွဲများဟာလည်း ရန်ကုန်-မန္တလေး နဲ့ ပြေးဆွဲနေတဲ့ မီးရထား လူစီးတွဲများနဲ့တစ်ပြေးညီ မရှိတာကိုလည်း တွေ့ရပါတယ်။ မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးဟာလည်း ရွှေဘိုကျော်သည်နှင့် တစ်ပြိုင်နက် မြစ်ကြီးနားထိအောင် လမ်းဧရိယာမှာ(၁၀)ပေမျှသာ ကျယ်ပြီးတော့မှ တစ်စီးနဲ့တစ်စီး လမ်းလုကျော်တက်မှုများကြောင့် တိမ်းမှောက်မှု၊ ယာဉ်တိုက်မှု၊ ချောက်ထဲထိုးကျမှုများ ဖြစ်ပွားကာ မိဘပြည်သူများ အမြဲတမ်း အသက် ဆုံးရှုံးနေရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-မြစ်ကြီးနားနှင့် မန္တလေး-ရန်ကုန် မီးရထားလမ်း၊ ကားလမ်းများဟာ ခရီးမိုင်အကွာအဝေး တူညီပေမယ့်လည်း မန္တလေး-မြစ်ကြီးနား မီးရထားလမ်း၊ ကားလမ်းများက အချိန်နှစ်ဆပိုကြာတာကို တွေ့ရပါတယ်။ မန္တလေး ကနေ ရန်ကုန်ကို ကားစီးရင် (၇)နာရီကြာပါတယ်။ မန္တလေးကနေ မြစ်ကြီးနားကို ကားစီးရင် (၁၅)နာရီဝန်းကျင် ကြာပါတယ်။ မန္တလေးကနေ ရန်ကုန်ကို မီးရထားစီးရင် (၁၂)နာရီ ဝန်းကျင်ပဲ

ကြာပါတယ်။ မန္တလေးကနေ မြစ်ကြီးနားကို ရထားစီးရင် (၂၄)နာရီ ကြာပါတယ်။ အဲဒါကြောင့်မို့လို့ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းများ၊ မီးရထား လူစီးတွဲများနဲ့ ကားလမ်းမကြီးများကို ပြည်နယ်/ ပြည်မ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထောင်စုအစိုးရကနေဖြင့် မည်သို့မည်ပုံ မည်သည့် အချိန် ကာလကစပြီးတော့မှ ပြုလုပ်မည်ကို သိလိုပါကြောင်း အထက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ ကျေးရွာများအားလုံးတွင် ဆက်သွယ်ရေးတာဝါတိုင်များ တပ်ဆင် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ ကျေးရွာများအားလုံးတွင် ဆက်သွယ်ရေးတာဝါတိုင်များ တပ်ဆင် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မင်းတပ်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်း ကတော့ မင်းတပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)နယ်မြေရှိ ကျေးရွာအုပ်စုများတွင် ဖုန်းလိုင်း မမိသဖြင့် ဆက်သွယ်ရေးအခက်အခဲကြောင့် ဆက်သွယ်ရေး ကောင်းမွန်စေရန် ဆက်သွယ်ရေး တာဝါတိုင်များ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မှာ အမှတ်(၁)မဲဆန္ဒနယ်နဲ့ အမှတ်(၂)မဲဆန္ဒနယ်ဆိုပြီးမှ (၂)ခုရှိပါတယ်။ အမှတ်(၂)မဲဆန္ဒနယ်မှာ နယ်မြေအတွင်းမှာဆိုလို့ရှိရင် ကျေးရွာအုပ်စု (၂၂)အုပ်စု၊ ကျေးရွာပေါင်း (၆၁)ရွာ ရှိပါတယ်။ အဆိုပါ ဒေသများတွင် ဖုန်းလိုင်းမမိဘဲ ဆက်သွယ်ရေး အခက်အခဲဖြစ်နေပါတယ်။ အရေးပေါ် လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စနဲ့ နိုင်ငံရေးကိစ္စများတွင် လူလွှတ်၍သာ ဆက်သွယ်နေကြပါတယ်။ အခုလိုခေတ်မီပြီး ဆက်သွယ်ရေး မြန်ဆန်သည့် ICT ခေတ်မှာ လူလွှတ်ခြင်းသည် ကြန့်ကြာပြီး အရေးပေါ်ကိစ္စတွင် ထိရောက်မှုမရှိ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ သို့ဖြစ်၍ ဆက်သွယ်ရေး လွယ်ကူမြန်ဆန်စေရန် တာဝါတိုင်များ တပ်ဆင်ပေး ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို မေးမြန်းလိုပါတယ်။

ဆက်လက်ပြီး မင်းတပ်မြို့နယ် ပြည်သူလူထုနှင့် အာဏာပိုင် အဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုမှုအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယချေးငွေဖြင့် မင်းတပ်-မတူပီ Micro ဆက်ကြောင်းအသစ် စတင်ဆောင်ရွက်ခဲ့ပါတယ်။ မင်းတပ် -မတူပီ လမ်းပိုင်း (၂၄)မိုင် ပွိုင့်(၈၅၀၉)ပေ၊ မင်းတပ်-မတူပီ လမ်းပိုင်း(၇၄)မိုင် ပွိုင့်(၇၉၂၅)ပေတို့တွင် B.T.S စခန်း တစ်ခုကို တည်ဆောက်ခဲ့ ပါတယ်။ အဲဒီစခန်းနှစ်ခုမှာ တာဝါတိုင်များ စိုက်ထူခြင်းမရှိခဲ့ပါ။ အဲဒီ တာဝါတိုင်များ စိုက်ထူပါက

မင်းတပ်-မတူပီ ဆက်သွယ်ရေးလမ်းကြောင်း အဆင့်မြှင့်ပြေမည် ဖြစ်ပါသည်။ သို့ဖြစ်၍ တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စိုက်ထူနိုင်ပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် အပြီးအစီး စိုက်ထူမည်ကို သိရှိလိုပါကြောင်း မေးမြန်းလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၈။**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပထမဦးစွာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဆွေနိုင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အဲဒီမေးခွန်းမှာ အပိုင်း(၄)ပိုင်း ပါတဲ့အတွက်ကြောင့် နည်းနည်းပြည့်ပြည့်စုံစုံ ဖြေကြားနိုင်ဖို့ရန်အတွက် ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ နည်းနည်းလည်း ပြည့်ပြည့်စုံစုံ ဖြေကြားရမှာမို့ အချိန်လည်း နည်းနည်းယူရမှာ ဖြစ်ပါတယ်။ အဲဒီမှာ မေးထားတဲ့မေးခွန်းက ပထမဟာကတော့ မန္တလေး-မြစ်ကြီးနားရထားလမ်းဘေး ဝဲ/ယာချုံပင်များ ခုတ်ထွင်ရှင်းလင်းနိုင်ခြင်း ရှိ/မရှိ ဖြစ်ပါတယ်။ နောက်ဒုတိယအချက်ကတော့ မန္တလေး-မြစ်ကြီးနား ဒီမှာပျက်စီးနေတဲ့ သံလမ်းတွေ၊ ရေပေါက်တွေ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ၊ မန္တလေး-မြစ်ကြီးနား မီးရထားလူစီးတွဲများကို ရန်ကုန်-မန္တလေးမီးရထား လူစီးတွဲများနှင့် တစ်ပြေးညီ ပြေးဆွဲပေးနိုင်ခြင်း ရှိ/မရှိနှင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးအား တိုးချဲ့ဖောက်လုပ်ပြေးဆွဲရန် အစီအစဉ် ရှိ/မရှိ ဆိုပြီးတော့ မေးမြန်းထားတာ ဖြစ်ပါတယ်။

ပထမဆုံး မီးရထားလမ်းဘေးဝဲ/ယာမှာ ချုံပင်တွေ ခုတ်ထွင် ရှင်းလင်းဖို့ သံလမ်းအချက်ကို အရင်ဆုံး ဖြေကြားပါမယ်။ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းမှာ အားလုံးပေါင်း၊ စုစုပေါင်း သံလမ်း မိုင်(၃၄၀)ရှိပါတယ်။ (၄)မိုင်ကို တစ်အုပ်စုရှိပါတယ်။ အဲဒီတစ်အုပ်စုမှာ တကယ်တမ်းကျတော့ လုပ်သား(၅)ဦးရှိရမှာ၊ အဲဒီ(၅)ဦးမှာဆိုရင် စုစုပေါင်း(၄၂၅)ဦးရှိရာမှာ တကယ်တမ်း (၁၈၀)ပဲ ရှိပါတယ်။ အလုပ်သမားလျာထားခြင်းမရှိပါဘူး။ ပင်ပန်းဆင်းရဲတဲ့ သံလမ်းလုပ်သားကို ဝင်ရောက်ဆောင်ရွက်လိုတဲ့သူ အင်မတန်နည်းပါးပါတယ်။ တိုင်းအမှတ်(၁)ဆိုရင် နန့်စီးအောင်နဲ့ မြစ်ကြီးနားကြားမှာ ခရီးမိုင်(၁၁၀)မှာလည်းပဲ ဖွဲ့စည်းပုံမှာ လုပ်သား(၁၆၃)ဦးမှာ တကယ်တမ်းကျတော့ စုစုပေါင်း (၄၈)ဦးရှိပြီးယာယီလုပ်သား(၂၇)ဦးနဲ့ အားလုံးပေါင်း(၇၅)ဦးနဲ့ပဲ ဆောင်ရွက်နေရပါတယ်။ အဲဒီတော့ တောခုတ်ဖို့ရာ (၁၆၃)ဦးနဲ့ (၁၁၀)မိုင်တည်းမှာ မိုင်(၄၀)ပဲ မိုးများပြီးတော့ ခုတ်ထွင်ဖို့ လိုအပ်တယ် ဆိုတာတွေ့ရပါတယ်။ တိုင်းအမှတ်(၂)မှာလည်းပဲ နန့်စီးအောင်ကနေ ရွှေကြက်ယက် အထိ (၂၂၁. ၂၉)မိုင်

ရှိတယ်။ တကယ်တမ်း ဖွဲ့စည်းပုံ(၃၀၅)ဦးမှာ ခန့်ထားနိုင်တာ (၁၂၃)ဦးပဲ ရှိပါတယ်။ လမ်းဘေး ဝဲ/ ယာ တောခုတ်ခြင်းက (၁၀၇)မိုင် လိုအပ်ပြီးတော့ တစ်နှစ်ကို(၂)ကြိမ် ခုတ်ထွင်ရှင်းလင်းဖို့ လိုအပ်ပါတယ်။ အဲဒီမှာ စုစုပေါင်း (၁၂၈.၉၁၄)မိုင် သံလမ်းမိုင် အားလုံးပေါ့ ဘူတာတွေမှာ ပါဝင်တဲ့ သံလမ်းမိုင်တွေပါ အားလုံးတွက်လိုက်မယ်ဆိုရင် အဲဒီအတွက်ကုန်ကျစရိတ်ဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ သန်းပေါင်း (၁၅၀)နဲ့ လုပ်ရမှာပါ။ အဲဒီသန်း (၁၅၀)က ဘာလဲဆိုတော့ သံလမ်း အဆင့်မြှင့်တင်တာလည်း လုပ်ရမယ်၊ တံတားတွေကိုလည်း ပြုပြင်ထိန်းသိမ်းရမယ်၊ ဒီကြားထဲမှာမှ ကျွန်တော်တို့က ခုတ်ထွင် ရှင်းလင်းရမှာ ဖြစ်ပါတယ်။ တကယ်တမ်း တစ်ပြည်လုံးကို ခြုံပြီးကြည့်မယ်ဆိုရင် တိုင်းအသီးသီး တိုင်းပေါင်း (၁၁)တိုင်းမှာ ခရီးမိုင်စုစုပေါင်း(၃၇၉၈.၈၃)မိုင် ရှိပြီးတော့ တောချုံ ထူထပ်တဲ့နေရာဟာ ခန့်မှန်းခြေ (၇၆၀)မိုင် ရှိပါတယ်။ အဲဒါကို တစ်နှစ်ကို (၂)ကြိမ် ခုတ်မယ်လို့ဆိုခဲ့ရင် ရထားတွဲတွေနဲ့ တောချုံတွေ လွတ်ကင်းဖို့ တစ်နှစ် (၂)ကြိမ် ခုတ်ရမှာ ဖြစ်ပါတယ်။ အဲဒီလို (၂)ကြိမ် ခုတ်မယ်လို့ဆိုရင် တစ်နှစ်ကို (၃၆၅)သန်းကုန်မှာ ဖြစ်ပါတယ်။ (၁)မိုင်ကို (၂၄၀၀၀၀) လောက်ကျ တယ်။ (၁)မိုင်ဆိုတာ ဘယ်ဘက်ရော၊ ညာဘက်ရော ဝဲ/ယာနှစ်ဖက်လုံးကို ခုတ်ရမယ်။ (၁၀)ပေအကွာလောက်အထိ ခုတ်ရမယ်။ အဲဒီလိုဆိုခဲ့ရင် တစ်ကြိမ်ခုတ်ရင် (၁၈၂)သန်း၊ နှစ်ကြိမ် ခုတ်ရင် (၃၆၅)သန်း ကုန်မှာ ဖြစ်ပါတယ်။ တစ်ခါ သံလမ်းပြင်ဖို့ တစ်နှစ်လုံးဘတ်ဂျက်က ကျွန်တော်တို့ တကယ့်တကယ် ကောင်းကောင်းမွန်မွန် ပြင်မယ်ဆိုရင် သန်းပေါင်း(၂၅၀၀) နှစ်စဥ် လိုအပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် တို့ ဒီ၂၀၁၆-၂၀၁၇ မှာ ရတာ သန်း(၉၄၀)ပဲရပါတယ်။ သံလမ်းပြင်ဖို့တောင် မလောက်ပါဘူး။ ချုံခုတ်ဖို့ဆိုတာ ကျွန်တော်တို့မှာ သိပ်အရေးကြီးပြီးတော့ သိပ်များတဲ့ ရထားများများ ပြေးတဲ့လမ်းကိုပဲ ဦးစားပေးပြီးတော့ ခုတ်နေရတယ်ဆိုတဲ့အကြောင်း နည်းနည်း သိသာဖို့ရာ ရှင်းပြတာပါ။

အဲဒီလို နှစ်စဥ် သံလမ်းပြုပြင်ထိန်းသိမ်းဖို့ ဘဏ္ဍာငွေတောင်မှ မရတော့ ချုံခုတ်ခြင်း လုပ်ငန်းတွေကိုလည်းပဲ လိုအပ်တဲ့နေရာလောက်ကိုပဲ စိစစ်ပြီးတော့ ကျွန်တော်တို့က ဦးစားပေးပြီးတော့ ဆောင်ရွက်ရပါတယ်။ ခရီးသွားပြည်သူတွေ အန္တရာယ်မဖြစ်အောင်လို့တော့ အမြဲတမ်းကြည့်ပါတယ်။ ရထားများများပြေးတဲ့ လိုင်းကိုတော့ ပိုပြီးတော့ ဦးစားပေးရတာ မှန်ပါတယ်။ ဒါ မန္တလေး-မြစ်ကြီးနားက ဦးစားပေးတဲ့အထဲ ပါပါတယ်။ အဲဒီတော့ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ဝဲ/ယာချုံခုတ်ခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေပြီး ပထမ အကြိမ် ချုံခုတ်ခြင်းကို ၁၈-၇-၂၀၁၆ က ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒါက ဆောင်ရွက်နေဆဲ တန်းလန်းအပေါ်က၊ အောက်ကဆောင်ရွက်ပြီးတဲ့နေရာ အဲဒါကတော့ တိုင်းအမှတ် (၁) မိုင်တိုင် (၆၈၇) ၁၂/၂၀ မှာ ဆောင်ရွက်ပြီးတဲ့ နမ္မတီးနဲ့ မိုးကောင်းကြားကနေရာ၊ အဲဒါက အောက်မှာက ရှင်းလင်း ထားတဲ့ နေရာတွေ၊ တိုင်းအမှတ်(၂) စစ်ကိုင်းတိုင်းထဲမှာပါ။ ဒါကတော့ နည်းနည်းတော့ ရထားကို မထိခိုက်အောင်တော့ ကျွန်တော်တို့ ခုတ်နေပါတယ်။ ဒါက တိုင်းအမှတ် (၂) ကောလင်းနဲ့ ကိုးတောင်ဘို့အကြားပါ။ ကျွန်တော်လည်းပဲ ဇွန်လတုန်းကတော့ တစ်ခေါက်တော့ Run Through တော့ ပြေးပြီးတော့ ကြည့်ထားတာပါ။ အဲဒီတော့ ဒုတိယအပိုင်းပေါ့။ ကျွန်တော်တို့ လုပ်နိုင် သလောက် လုပ်တယ်ဆိုတဲ့အကြောင်းကို ရှင်းပြတာ ဖြစ်ပါတယ်။

ဒုတိယအကြောင်းကတော့ ရေပေါက်တွေ တံတားတွေကို ပြင်ပါသလားဆိုတော့ ပြင်ပါတယ်။ သို့သော်လည်းပဲ ခုနတုန်းကအတိုင်းပဲ ဘဏ္ဍာငွေ အခြေအနေရှိပါတယ်။ မနှစ်က ၂၀၁၅ မှာ မန္တလေး-

မြစ်ကြီးနားလမ်းပိုင်း ခုနတုန်းက လွှတ်တော်အမတ်ကြီးပြောတဲ့ ဇော်ချောင်းတံတား ပါပါတယ်။ အဲဒီမှာ ကံကြီး-ဇော်ချောင်းတံတား အမှတ်(၂၈၀)ဆိုရင် မန္တလေးဘက်ခြမ်း ကမ်းကပ်ခုံ နောက်မှာ ပေ(၈၀) စားသွားတယ်။ မြစ်ကြီးနားဘက်ခြမ်းက ကမ်းကပ်ခုံနောက်မှာလည်း ပေ (၁၂၀) စားသွားပါတယ်။ တစ်ခါ ကံကြီး-ဇော်ချောင်းတံတား တံတားအမှတ် (၂၈၁)(၂၈၂)မှာလည်း အဲဒီကြား မှာလည်း ရထားလမ်းတာပေါင် (၈)နေရာကို ရေကျော်ပြီးတော့ ထူးပေါက်သွားပါတယ်။ ပင်ဝယ်နဲ့ မော်လူးကြား တံတားအမှတ်(၄၇၈)ကိုလည်း မြစ်ကြီးနားဘက်ကျမှ ယာယီဖားထပ်ခွေအောက်က ဇလီဖားတုံးတွေ အောက်မှာ ရေစားသွားပါတယ်။

မော်လူး-နန့်စီးအောင်ကြားမှာလည်း အဲဒီလိုပဲ။ တံတားအမှတ် (၅၀၄)၊ တံတားအမှတ် (၅၂၁)၊ နန့်စီးအောင်နဲ့ မော်ဟန်အကြား တံတားအမှတ် (၅၂၂)၊ မန္တလေးနဲ့မြစ်ကြီးနားအကြားမှာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်း (၃၅၅)သန်း ကျော်ပါတယ်။ ဒါပေမဲ့ မနှစ်က ပြီးပြီးသွားချင်း ရရှိတဲ့ ငွေလေးထဲက ချွေတာပြီးတော့ သန်း(၆၀)ကျော်ကိုပဲ (၃၅၅)သန်းကျော် ပျက်စီးသွားတယ်။ သန်း(၆၀)ပဲ သုံးပြီးတော့ ယာယီပဲ ဖွင့်လှစ်တာပါ။ ဒါက ယာယီ ဖားထပ်ခွေတွေနဲ့ သဲအိတ်နဲ့ လုပ်ထားတဲ့ဟာ ဖြစ်ပါ တယ်။ ဒါ မော်လူးနဲ့ နန့်စီးအောင်ကြား ဒီဘက် ကမ်းပါးတာပေါင်တွေ ရေစားတဲ့ တာပေါင်အခြေတွေ ရေစားတဲ့ဟာကို သံလမ်းငုတ်ရိုက်ပြီးတော့ သဲအိတ်စီထပ်ပြီးတော့ ကျောက်ကြီးကာရတဲ့ ဟာကို ပြတာ ပါ။ အဲဒီမှာလည်းပဲ ကံကြီး-ဇော်ချောင်းကြားအတွက် ပိုက်ဆံကဘယ်လောက်ရသလဲပေါ့။ တကယ် တမ်း တံတားအမှတ်(၂၈၁)က နှစ်ပေါင်း(၁၀၀)ကျော်နေပြီ၊ လုံးဝစိတ်ချရတဲ့ အနေအထားလည်း မရှိတော့ လက်ရှိ (၈၅)ပေ၊ (၆)လက်မ (၃)ခန်းနဲ့ တံတားကို ဖွင့်ပြီးတော့ ပိုပြီးတော့ ရှည်တဲ့တံတားကို ဆောက်ရမှာဖြစ်ပါတယ်။ တစ်ခါ အဲဒီမိုင်တိုင် (၅၂၁)မှာရှိတဲ့ ကြေးနန်းခန်းတွေ (၁၅)နဲ့ (၁၆)ကြား မိုင်တိုင် (၅၂၂) ကြေးနန်းခန်း (၇)နဲ့ (၉)ကြား ပေ(၂၀)ခန်းဖွင့်တံတား တံတားသစ် (၂)လုံးကလည်း ထပ်ဆောက်ရမှာပါ။ တစ်ခါခုနတုန်းက ထူးပေါက်သွားတဲ့ နေရာတွေလည်း ပြန်ပြီး တော့ပြင်ရမှာပါ။ တံတားအောက်ခြေ ရေတိုက်စားနေတဲ့သံလမ်းတွေကိုလည်း ပိုင်ရိုက်ပြီးတော့ ကျောက်ကြီးစီပြီးတော့ သဲအိတ်ဖြည့်တာတွေလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါတွေက ရေစားသွား ပြီးခါစ အနေအထား ဇော်ချောင်း-ကံကြီးကြား တံတားအမှတ် (၂၈၀)ပါ။ အောက်က (၂၈၂)မှာ ရေတိုက်စားသွားတဲ့ နေရာပါ။ အဲဒီမှာ ရေကြီးစဉ်တုန်းက ရိုက်ထားတဲ့ဟာတွေပါ။

နောက်ဒီမှာ ပတ္တလားဖြစ်သွားတဲ့ တံတားအမှတ် (၂၈၀)နဲ့ (၂၈၂)မှာ တာပေါင်အောက် ကနေ ရေပြင်းပြင်းထန်ထန် စီးဆင်းနေတဲ့ပုံပါ။ ဒါကတော့ ဟိုဘက်မှာ ယာယီ ဘေလီတံတားကို ယာယီခင်းရတဲ့သဘောပါ။ ခုနတုန်းက အဲဒါတွေကို အသေးစိတ်၊ အဲဒီမှာ တံတား(၃)စင်း ခုနတုန်းက အတိုင်း အသစ်က (၂)စင်း (၁)စင်းဆောက်ရမယ်။ အဲဒီမှာ ဆောက်တဲ့အခါမှာ သန်းပေါင်း(၁၂၀၃) သန်း ကုန်မှာ၊ ဒါပေမဲ့ ဒီနှစ် ၂၀၁၆-၂၀၁၇ မှာ (၂၈၁) တစ်ခုတည်း အတွက်ပဲ သန်းပေါင်း (၁၁၅၀) ရတယ်။ အခု တစ်ခုပဲဆောက်ရသေးတယ်။ နှစ်ခုကတော့ ယာယီပဲ အရေးကြီးတဲ့ဟာ အရင်လုပ်ပြီး တော့ အရေးသိပ်မကြီးသေးဘူး ဖြတ်လို့ရသေးတဲ့ဟာအတွက်ပဲ ကျွန်တော်တို့က အဲဒီနှစ်ခုကတော့ နောက်ထပ် ဒီနှစ် ဖြည့်စွက်မှာတောင်းကြည့်ပါမယ်။ ဒီနှစ်ဖြည့်စွက်ရန်ပုံငွေမှာ တောင်းကြည့်လို့ရရင် ကျွန်တော်တို့ ပြင်မှာဖြစ်ပါတယ်။

အဲဒီတော့ ဒီကိစ္စမှာ နည်းနည်းလေး ပိုပြီးတော့ ရှင်းပြချင်ပါတယ်။ ဒါဖြင့် ဘာလို့ ရေတွေက ခဏခဏ စားနေတာလဲ။ တကယ့်မူရင်းအကြောင်းအရာက ဘာလဲပေါ့။ ခုနတုန်းက စိုက်ပျိုးရေး ဝန်ကြီးကို မေးမြန်းစဥ်တုန်းကလည်း ပြောခဲ့တဲ့ မေးတဲ့မေးခွန်း လွှတ်တော်အမတ်ကြီးတွေ မေးတာတွေ ကောင်းပါတယ်။ ဘာပြောလဲဆိုတော့ ရေတွေစားတယ်။ မြစ်ချောင်းတွေက ရေတွေ တိမ်သွားတယ်။ နောက်တစ်ခါ အရင်တုန်းက ရထားလမ်းကို စဖောက်ကတည်းက ရထားလမ်းရဲ့ မျက်နှာပြင် အမြင့်သည် သံလမ်းမျက်နှာပြင်အမြင့်သည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာရှိသော မြစ်ချောင်း၊ အင်းအိုင် ကန်ချောင်း၊ ဆည်မြောင်းတွေရဲ့ ရေမျက်နှာပြင်ထက် မြင့်အောင် ဆောက်ရ ပါတယ်။ ဒါမှလည်း ရေက စီးလို့မရဘူး။ တကယ်လည်း ဆောက်ခဲ့ပါတယ်။ အဲဒီမှာ ရေကြီးတာဆိုရင် ရန်ကုန်-မန္တလေးလမ်းမှာ ကျွန်တော်တို့သည် ဘယ်နေရာကြီးမယ်ဆိုတာ ကျွန်တော်တို့ အမြဲတမ်း တွက်လို့ရပါတယ်။ မန္တလေး- မြစ်ကြီးနား သိပ်မကြီးသလောက်၊ ဒါပေမဲ့(၉၀)ကျော်လာတော့ ဟိုနေရာ ချောင်းပိတ်၊ ဒီနေရာ မြောင်းပိတ် ဟိုနေရာကာ ဒီနေရာလုပ် ပေါ့။ ဒီကြားထဲမှာသဘာဝပတ်ဝန်းကျင်က ပျက်လာတယ်။ ခုနကမြစ်ချောင်းတွေက ကောလာတယ်။ အကုန်လုံး စီးချင်တဲ့နေရာစီးတယ်။ မဖြစ်သင့်တဲ့နေရာတွေ အင်းတော်တို့၊ ဆယ်ရွာတို့ အကုန်လုံးမှာသွားပြီးတော့ မရှိသင့်တဲ့နေရာတွေမှာ အကုန်လျှောက်ကြီးကုန်တယ်။ အဲဒီတော့ဒီမှာ အရင်တုန်းက ဆောက်ခဲ့တဲ့ တံတားတွေ၊ ရေပေါက် တွေဟာ အခုပိုပြီးတော့ ပျက်စီး သွားတယ်။ ဒီကြားထဲမှာလည်း Climate Change အရ အားလုံး ဒီမနှစ်ကစပြီးတော့ သိသိသာသာခံစားလာရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ဒါကြီးကို သေသေ ချာချာ ပြင်ရမယ်ဆိုတာ သဘောပေါက်ပါတယ်။

နောက်တစ်ခါ ခုနကပြောတဲ့ ရန်ကုန်-မန္တလေး လမ်းပိုင်းကို ဘယ်တော့ပြင်မလဲဆိုတဲ့ မေးခွန်းက ဒီထဲမှာ နည်းနည်း ထပ်ပြီးတော့ မေးထားတော့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ရန်ကုန်- မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ဒီဟာကြီးသည် Main corridor ကြီး၊ Main Back Bone ကြီး၊ တိုင်းပြည်ကြီးရဲ့ကျောရိုးကြီးပဲ ဆိုပြီးတော့ ဒီအားလုံး ADB ရော၊ World Bank ရော၊ JICAရော အားလုံးဟာ ဒီဟာကြီးကို ဂရုစိုက်ကြရမယ်၊ သူသည် တစ်ပြည်လုံးရဲ့ ဒီရထားဆိုရင်လည်း (၇၀) ရာခိုင်နှုန်းသော traffic Volume ဟာ ဒီမှာရှိတဲ့အတွက်ကြောင့် ဒါကိုတော့ လုပ်ပါ့မယ်ဆိုပြီးတော့ လုပ်ပါတယ်။ လုပ်တော့ အခုကျွန်တော် ပိုက်ဆံတောင်းပါတယ်။ အဲဒီတော့ JICA ကတော့ ရန်ကုန်- မန္တလေးကို လုပ်မယ်။ တစ်ခါ ကိုရီးယားဆီက ကျွန်တော်တို့ အခုထပ်တောင်းနေပါတယ်။ ရတာ အားလုံးပေါင်း (၁၄၅)ပဲဆိုတော့ (၁၀၀)ကိုတော့ လမ်းပြင်ဖို့၊ ခုနတုန်းက ပြောတဲ့ နန်းခမ်း-ဘုံချောင်း၊ ဘုံချောင်း-မဲဇာ၊ မဲဇာ-ဆည်ရွာဆိုတဲ့ တကယ့် ကျွန်တော့်ရဲ့ Bottle Neck ဖြစ်နေသော ပိတ်မိနေသော နောက်ထပ် ရထားကို တိုးချဲ့ပြီး ပြေးလို့မရလောက်အောင် Line Capacity ပေါ့။ ၂၄ နာရီမှာ ပြေးနိုင် တဲ့ ပြေးလို့ရတဲ့လမ်းကို တွက်တဲ့အခါမှာ အဲဒီ နန်းဟိုင်း-ဘုံကျောင်းက ပိတ်မိနေတယ်။ အဲဒါကြီးကို ကျွန်တော်တို့ အခု ပြင်ဖို့ရာအတွက် ကိုရီးယားတွေ လေ့လာနေပါတယ်။ သူတို့တွက်ချက်နေပါတယ်။ အဲဒီ သူပေးထားတဲ့ သန်း(၁၀၀)နဲ့ လောက်မလောက်၊ အဲဒါရပြီးရင် ကျွန်တော်က ပိုပြီးတော့ တိုးချဲ့ ပြေးဆွဲနိုင်မှာဖြစ်ပါတယ်။ အခုစနေပါပြီ။ Survey လည်းလုပ်နေပြီဆိုတဲ့အကြောင်း ရှင်းလင်းတင်ပြ ချင်ပါတယ်။

နောက်တစ်ချက်မေးတဲ့မေးခွန်းက မန္တလေးလူစီးတွဲတွေ၊ ရန်ကုန်-မန္တလေးလိုင်းလူစီးတွဲနဲ့ မန္တလေး-မြစ်ကြီးနားလူစီးတွဲတွေ မတူဘူးလားပေါ့။ မတူဘူးဆိုတာ ဒီလိုပါ၊ ဟိုတလောက တရုတ်က တရုတ်ချေးငွေနဲ့ရတဲ့ တွဲလေး (၆၀)ရပါတယ်။ (၆၀)ထဲက (၃၉)တွဲကို ကျွန်တော်တို့က ရန်ကုန်-မန္တလေးမှာ လေအိတ်တွဲပေါ့။ သူက ဒီနည်းနည်းပိုပြီးတော့ နည်းနည်းလေး ဒီ အခုန်၊ အပြု သက်သာတယ်။ ငြိမ့်ညောင်းအောင် လုပ်ထားတဲ့ဟာလေးပါတယ်။ အဲဒါ ရန်ကုန်-မန္တလေးမှာ နှစ်ဆိုင်း သုံးလိုက်ပါတယ်။ ရန်ကုန်-ပြည်မှာ တစ်ဆိုင်း သုံးလိုက်ပါတယ်။ (၃၉)တွဲက ကုန်ရော၊ စောစောက (၂၁)တွဲက မရသေးဘူး။ (၂၁)တွဲရတာက ဘယ်တော့ရမလဲဆိုတော့ ကျွန်တော်တို့က မန္တလေး-မြစ်ငယ်မှာ ကျွန်တော်တို့ တွဲဆောက်နေပါတယ်။ ကျွန်တော်တို့ ဘာသာဆောက်မယ်။ ကျွန်တော်တို့ဟာ ဆောက်နိုင်သင့်ပြီဆိုပြီးတော့ စက်ရုံတည်ပါတယ်။ တည်တဲ့ဟာက ဒီရှေ့နှစ် ၂၀၁၇ အစမှာပဲ စက်ရုံ ပြီးပြီး၊ မပြီးပြီး ကိုယ့်ဟာကိုယ်ဆောက်လုပ်ရတဲ့ အမိုးလေးအကာလေးရရင် ဆောက်မယ်ဆိုပြီးတော့ လုပ်ထားပါတယ်။ အဲဒါ ၂၀၁၇ နှစ် အစပိုင်းမှာ အဲဒီ(၂၁)တွဲရရင်တော့ မန္တလေး-မြစ်ကြီးနားကို အတူတူပေးမှာပါ။ ဒါပေမဲ့ မန္တလေး-မြစ်ကြီးနားကို ကျွန်တော် အစတည်းက အဲဒီမှာ ခုနတုန်းက ရှင်းပြတာ။ အဲဒီ့ မန္တလေး-မြစ်ကြီးနားမှာ ခုနတုန်းက ကိုရီးယားက အရင်တုန်းက တွဲဟောင်းကိုလည်း ကျွန်တော်တို့ Rehab လုပ်ပါတယ်။ Rehabilitation လုပ်တယ်။ Upgrade လုပ်တယ်။ အဲဒီအတွက် ကျွန်တော်တို့ အိပ်စင်တွဲတွေ တွဲ(၄၀)ကိုတော့ ကျွန်တော်တို့ သက်တမ်းဝက် ပြင်ဆင်ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ မြစ်ငယ်စက်ရုံမှာ ကျွန်တော်ကိုယ်တိုင်သွားပြီးတော့ ကြည့်ခဲ့ပြီးပါပြီ။ တစ်ခါ အိပ်စင်တွဲ (၁၀)တွဲကိုလည်း မန္တလေး-မြစ်ကြီးနားမှာ ပြေးဆွဲနေတဲ့(၃၃)(၃၄)ကိုလည်းပဲ ကျွန်တော်တို့ ထည့်သွင်းပြီးတော့ ဆောင်ရွက်နေပါတယ်။ နောက်ထပ်လည်း အဲဒီ(၄၅) သန်းက ကိုရီးယားဆီကနေ တွဲ(၁၀၀)မှာထားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ မျှပြီးတော့ပေးနိုင်မယ်လို့ ကျွန်တော် ဖြေကြားလိုပါတယ်။

ဒါကတော့ လောလောဆယ် ဆောက်နေတဲ့ဟာ အမိုးပဲပြီးသေးတယ်။ အထဲထဲက ပစ္စည်းတချို့မပါသေးဘူး။ ဒါကလေအိတ်တွဲ၊ ဒါက ရန်ကုန်-မန္တလေးမှာ ပြေးတဲ့ဟာလေး နမူနာ ပြတာပါ။ အဲဒါက ရန်ကုန်-မန္တလေးလမ်းမှာ ပြေးတယ်ဆိုတဲ့ ကောင်းပါတယ်ဆိုတယ်ဟာလည်း ဒါပါပဲ၊ အပေါ်ရော၊ အောက်ရော၊ ဒါက ကျွန်တော်တို့ဟာလို အသစ်ပြန်ဆောက်တဲ့ မြစ်ငယ်စက်ရုံကနေ အသစ်တည်ဆောက်တဲ့ (၃၇)(၃၈) မန္တလေး - မြစ်ကြီးနားလိုင်းအတွက် ရထားတွဲဆိုင်းဖြစ်ပါတယ်။ အောက်မှာ အသစ်ဆောက်ထားပြီးသားလေး ကျွန်တော်တက်ကြည့်လာခဲ့တဲ့ပုံဖြစ်ပါတယ်။ စားသောက်တွဲရော၊ လူစီးတွဲတွေရော၊ ဒါက မြစ်ကြီးနားလမ်းပိုင်း (၃၃)(၃၄) အိပ်စင်အတွဲ အိပ်စင်ရထား ဖြစ်ပါတယ်။ အဲဒီ့အိပ်စင်မှာ ကျွန်တော်တို့ အခု ဒီတစ်ခါတော့ ပြင်လိုက်ပါတယ်။ အိမ်သာ ဘာညာကအစ၊ ဒီ Setလိုက် Set လိုက် လဲမှဖြစ်မှာ။ ဘာလို့လဲဆိုတော့ ဒီဟာကြီး မကောင်းတော့ဘူးဆိုရင် အိမ်သာ သိပ်ညစ်ပတ်လို့ကျွန်တော် တို့ အခုသံကိုယ်ထည်နဲ့ ဒီဟာကို ပြင်ထားပါတယ်။ အဲဒီဟာတွေကိုတော့ မြစ်ကြီးနားလမ်းပိုင်းကို ထည့်ပြီးတော့ ပေးမှာဖြစ်ပါတယ်။ အခု ဒါက လေအိပ်တပ်တဲ့တွဲ ရန်ကုန်-မန္တလေးဟာ သိပ်အများကြီး ကျွန်တော်တို့ အလွန်ကွာခြားအောင် မလုပ်ပါဘူး။ အောက်က မူလီပိုင်း ဘရိတ်ပိုင်းလေး ကွာသွားတာ တစ်ခုပါပဲ။

နောက်တစ်ချက်မေးတာက ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ကချင်ပြည်နယ် အစိုးရအဖွဲ့ကနေပြီးတော့ ဒီမေးခွန်းကို ကျွန်တော်ကပဲ ဖြေကြားမှာ

ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ ဒီမန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအား တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတော့၊ အဲဒီနေရာမှာ ဒီ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကတော့ ရွှေဘို-မြစ်ကြီးနားလမ်းဟာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ (၁၆၈)မိုင်၊ ကချင်ပြည်နယ်အပိုင်းမှာ (၁၂၁)မိုင်၊ စုစုပေါင်း(၂၈၉)မိုင် ရှိပြီးတော့ ကတ္တရာလမ်းအဆင့်က (၂၆၇)မိုင်(၂)ဖာလုံ၊ ကွန်ကရစ်လမ်းက(၂၁)မိုင် (၆)ဖာလုံ ရှိပါတယ်။ အဲဒါကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက် ရရှိတဲ့ ရန်ပုံငွေများဖြင့် လမ်းတံတားအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တုန်းကတော့ ဒီရွှေဘို-နန့်စီးအောင် မှ(၁၆၈)မိုင်မှာ (၁၂)ပေအကျယ် ကတ္တရာလမ်း(၁၃၅)မိုင်(၇)ဖာလုံ၊ (၁၈)ပေအကျယ် ကတ္တရာလမ်း(၁၁)မိုင်၊ (၂၄)ပေအကျယ် ကတ္တရာလမ်းက (၂)ဖာလုံပဲ၊ (၁၈)ပေအကျယ် ကွန်ကရစ်လမ်းက (၁၄)မိုင်(၅)ဖာလုံရောက်ရှိခဲ့ပြီးတော့ နန့်စီးအောင်မှ မြစ်ကြီးနားအထိ (၂၂၁)မိုင်မှာ တစ်လမ်းလုံး(၁၂)ပေအကျယ်၊ ခုနတုန်းကကျဉ်းမှာပေါ့၊ (၁၂)ပေပဲရှိတဲ့ ကတ္တရာလမ်းဖြစ်နေတယ်ဆိုတာကို ၂၀၁၄-၂၀၁၅ မှာတွေ့ရပါတယ်။ တစ်ခါ ၂၀၁၅-၂၀၁၆ အရင် အစိုးရလက်ထက်မှာပါပဲ။ (၁၂)ပေမှ(၁၈)ပေအကျယ်၊ (၂၄)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ရွှေဘို မှ နန့်စီးအောင် အထိကတော့ (၁၈)ပေအကျယ် ကတ္တရာလမ်းက (၁၇)မိုင်(၁)ဖာလုံ၊ (၂၄)ပေအကျယ် ကတ္တရာလမ်းက (၁)မိုင်(၁)ဖာလုံ၊ (၁၈)ပေအကျယ် ကွန်ကရစ် လမ်းက (၂၁)မိုင်(၆)ဖာလုံနဲ့ ဟိုပင်မှမြစ်ကြီးနားအထိတော့ မိုင်(၈၀)ကို (၁၈)ပေအကျယ် ကတ္တရာ လမ်း တစ်ဆက်တစ်စပ်တည်း ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ တံတားများကိုလည်း အဆင့်မြှင့်တည်ဆောက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် (၅၀)ပေမှ ပေ(၁၈၀)အထက် တံတားကြီး(၄၈)စင်း၊ (၅၀)ပေအောက် တံတားငယ်(၄၁၀)စင်း၊ စုစုပေါင်း (၄၅၈)စင်းအား သံကူကွန်ကရစ်တံတားများနဲ့ အဆင့်မြှင့်တည်ဆောက် နိုင်ခဲ့တာဖြစ်ပါတယ်။

တစ်ခါ ဒီနှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရော၊ ပြည်နယ်ရန်ပုံငွေရော နှစ်ခုပေါင်း သန်းပေါင်း(၈၅၇၀.၉၇၃)သန်းဖြင့် တစ်ဖက်မှာ(၆)ပေအကျယ်မြေသား တာပေါင်ချဲ့ တယ်။ တစ်ဖက်မှာမြေသားတာပေါင်ကို (၆)ပေအကျယ်ချဲ့ပါတယ်။ အဲဒါ (၂)မိုင်နဲ့(၄)ဖာလုံ၊ (၁၂)ပေအကျယ်ကနေပြီးတော့ (၂၄)ပေအကျယ် ကတ္တရာလမ်းကို ချဲ့တာ (၂)မိုင်နဲ့(၄)ဖာလုံ၊ (၁၈)ပေအကျယ်ကနေ (၂၄)ပေအကျယ်ချဲ့တဲ့ ကတ္တရာ ကွန်ကရစ်ခင်းတာက (၁)မိုင်(၂)ဖာလုံ၊ (၁၂)ပေအကျယ် ကတ္တရာ ထပ်ပိုးလွှာခင်းတာက (၁)မိုင်(၆)ဖာလုံ၊ (၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း (၂၈)မိုင် (၇)ဖာလုံ၊ လမ်းအနိမ့်အမြင့် ညှိ၍ (၁၈)ပေအကျယ် ရေပိတ်လွှာလောင်းခြင်း(၁၄)မိုင်(၁)ဖာလုံ၊ (၅)ပေ (Box Culvert) တည်ဆောက်ခြင်း(၁၀)စင်း၊ (၅၀)ပေသံကူကွန်ကရစ်တံတားတည်ဆောက် ခြင်း (၂၅)စင်း၊ (၄၀)ပေအကျယ်တံတားချဲ့ခြင်း(၁၅)စင်း၊ ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်း (၁၅၅)ပေ၊ အမာခံ လမ်းပုခုံးတည်ဆောက်ခြင်း (၃)မိုင်(၄)ဖာလုံ စသည်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ကျန်ရှိတဲ့အပိုင်းကိုလည်းပဲ လမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပေါ်မှာ မူတည်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ကိုရီးယားနိုင်ငံ KOICA အကူအညီ၊ ခုနတုန်းက ကျွန်တော်တို့က ဒီဘက်ခြမ်းက ကိုရီးယားတွေချည်းပဲဖြစ်နေတယ်။ ကျွန်တော့်ဘက်က ETCS Loan ရထားဘက်က၊ ဆောက်လုပ်ရေး

ဘက်ကတော့ KOICA Loan ပါ။ အဲဒီ KOICA အကူအညီနဲ့ မန္တလေး-မြစ်ကြီးနားအမြန်လမ်းမကြီးကို Express Way အဆင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Pre Feasibility Study) ကို Yooshin ကုမ္ပဏီကနေပြီး ဆောင်ရွက်နေပြီ ဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

နောက် ဒုတိယမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ရဲ့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ ကျေးရွာများအားလုံးတွင် ဆက်သွယ်ရေးတာဝါတိုင်များ တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို လည်းပဲ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော် Power Point သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မှာ မင်းတပ် Auto Exchange၊ ဆိုဒ်အမှတ် CHN 00005 မှာ GSM စခန်းတစ်ခု၊ မင်းတပ်မြို့နယ်၊ မြင်းချီတောင်မှာ ဆိုဒ်အမှတ် CHN 00013 မှာ GSM စခန်းတစ်ခု၊ မင်းတပ်မြို့လယ်မှာ ဆိုဒ်အမှတ် CHN 00024 မှာ GSM စခန်းတစ်ခု၊ စုစုပေါင်း GSM စခန်း(၃)ခုကို ဖွင့်လှစ်ထားရှိပြီးတော့ မိုဘိုင်း ဆက်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မင်းတပ်မြို့နယ်၊ မင်းတပ်-မတူပီလမ်းမကြီးဘေး၊ မင်းတပ်ကနေ (၁၆)မိုင်ခန့်အကွာ မကွီရွာ အနီးမှာရှိတဲ့ ဆိုဒ်အမှတ် CHN 00033 မှာ တာဝါတိုင် (၁)တိုင်၊ မင်းတပ်-မတူပီလမ်းမကြီးဘေး မင်းတပ်မှ (၃၅)မိုင်ခန့်အကွာရှိ မကြိုင်ရွာ အနီးတွင် ဆိုဒ်အမှတ် CHN 00039 ၌ တာဝါတိုင်(၁)တိုင်နဲ့ မင်းတပ်-မတူပီလမ်းမကြီးဘေး၊ မင်းတပ်မှ (၇၄)မိုင်အကွာရှိ လေရှီးရွာအနီးတွင် ဆိုဒ်အမှတ် CHN 00040 ၌ တာဝါတိုင်တစ်တိုင်၊ စုစုပေါင်း တာဝါတိုင်(၃)တိုင်အတွက် မြေနေရာရရှိပြီးဖြစ်ပါတယ်။ တာဝါတိုင်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ၊ ဒီနှစ်ဒီဇင်ဘာလမှာ ပြီးစီးမှာဖြစ်ပါတယ်။ တယ်လီနော မြန်မာလီမိတက် အနေနဲ့လည်း ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ စံပြ(၄)ရပ်ကွက်မှာ ဆိုဒ်အမှတ် CH 0014 ၌ တာဝါတိုင် တစ်တိုင်နဲ့ အမှတ်(၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမှာ ဆိုဒ်အမှတ် CH 0243 ၌ တာဝါတိုင်တစ်တိုင်၊ စုစုပေါင်း တာဝါတိုင်နှစ်တိုင်အတွက် မြေနေရာရရှိပြီးဖြစ်ပြီးတော့ တာဝါ တည်ဆောက်ဖို့ရာအတွက် စီစဉ်ဆောင်ရွက်တာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ ပြီးသွားမှာဖြစ်ပါတယ်။

အလားတူပဲ အော်ရီဒူးမြန်မာလီမိတက်အနေနဲ့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် မင်းတပ်-မတူပီလမ်းမကြီးဘေး မင်းတပ်မှ (၇၄) မိုင်အကွာရှိ လေရှီးရွာအနီးမှာ ဆိုဒ်အမှတ် CHW3057 တွင် တာဝါတိုင်တစ်တိုင်နှင့် မင်းတပ်မြို့ပေါ်တွင် ဆိုဒ်အမှတ် CHW 3074 ၌ တာဝါတိုင်တစ်တိုင်၊ စုစုပေါင်း တာဝါတိုင်နှစ်တိုင်ကို တည်ဆောက်ရန် မြေနေရာရှာဖွေလျက်ရှိရာ မြေနေရာရရှိပါက တာဝါတည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ ပြီးစီးမှာ ဖြစ်ပါတယ်။

အဲဒီတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာ လက်ရှိဖွင့်လှစ်ပြီး GSM စခန်း(၃)ခုရဲ့ ရေဒီယို Signal တိုင်းထွာမှုများအရ မင်းတပ်မြို့နယ်မှာ ဧရိယာလွှမ်းခြုံမှု (၃၄.၄၁)ရာခိုင်နှုန်း၊ လူဦးရေအပေါ်မှာ လွှမ်းခြုံနိုင်မှု(၆၅.၂၈)ရာခိုင်နှုန်းရှိပြီးတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM စခန်းအသစ်(၃)ခု၊

တယ်လီနော မြန်မာလီမိတက်မှ GSM စခန်း(၂)ခု၊ အော်ရီဒူးမြန်မာလီမိတက်မှ GSM စခန်း(၂)ခု၊ အားလုံးပေါင်းတည်ဆောက်ပြီးမယ်လို့ဆိုရင် GSM စခန်း(၁၀)ခု ရှိလာမည် ဖြစ်ပြီးတော့၊ မင်းတပ်မြို့နယ်မှာ ဆက်သွယ်ရေးဧရိယာလွှမ်းခြုံနိုင်မှု ဧရိယာအရ လွှမ်းခြုံနိုင်မှု(၄၅)ရာခိုင်နှုန်းနဲ့ လူဦးရေအရ လွှမ်းခြုံနိုင်မှု (၇၀)ရာခိုင်နှုန်းအထိ တိုးတက်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်တွင်းပြည်ပ ဆက်သွယ်ရေး အော်ပရေတာတို့မှ ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများရရှိစေရေးအတွက် ဖွင့်လှစ်ပြီး GSM စခန်းနှင့် တာဝါတိုင်များ တည်ဆောက်ရန် စီစဥ်ဆောင်ရွက်လျက်ရှိသော GSM စခန်းနှင့် တာဝါတိုင်များ တည်ဆောက်ရန် မြေနေရာ ရှာဖွေဆဲအခြေအနေတို့ကို အဲဒီမြေပုံကြမ်းမှာ တင်ပြအပ်ပါတယ်။ ဒီ ဖွင့်လှစ်ပြီးက (၃)ခု အပြာရောင်ပါ။ အဝါရောင်က အစီအစဥ်ရှိထားပြီးသား ဒီဇင်ဘာမှာ ပြီးမယ်ဆိုတဲ့ဟာက (၅)ခုပါ။ မြေနေရာရှာတာ (၂)ခုပါ။ အဲဒီအတိုင်း ဖြန့်ကြက်ထားတဲ့အကြောင်း လေးစားစွာ ဖြေရှင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင် ရပ်ကွက်/ကျေးရွာ ခပ်များများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများသုံးစွဲသည့် ချောင်ကျသော နေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစုကုသပျိုးထောင်ပေးသည့် စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေးနှင့် စပ်လျဥ်းသည့် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဥ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း က ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင် ရပ်ကွက်/ကျေးရွာ ခပ်များများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများ သုံးစွဲသည့် ချောင်ကျသော နေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်၊ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစု ကုသပျိုးထောင်ပေးသည့် စခန်းများ လိုအပ်သည့် နေရာများတွင် ဖွင့်လှစ်ပေးရေးနှင့် စပ်လျဥ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးစိုင်းဝမ်းလှိုင်းခမ်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၃။**

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်းဖြစ်ပါတယ်။

ဒီကနေ့ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေးအဆိုကို အမျိုးသားလွှတ်တော်မှာ တင်သွင်းမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်ဟာ မိမိတို့ဒေသ တစ်ခုတည်းတွင် ကျရောက်နေတာမဟုတ်ဘဲ ကမ္ဘာနှင့်ချီရင်ဆိုင်နေရသော အခက်အခဲ ဖြစ်ပါတယ်။ ဒါကြောင့် မိမိရဲ့ မဲဆန္ဒနယ်အတွင်း ဖြစ်ပျက်နေမှုများကို အခြေခံ၍ နိုင်ငံအဝန်းရှိ ပြည်နယ်နှင့် တိုင်းများပါ စွမ်းဆောင်နိုင်ရန် ရည်ရွယ်သော ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့အဆို ဖြစ်ပါ ကြောင်း ဦးစွာပဏာမ တင်ပြလိုပါတယ်ခင်ဗျား။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိနေထိုင်တဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင်၌ ရပ်ကွက်/ကျေးရွာခပ်များများတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု ဘိန်းဖြူအပြင်၊ အထူးသဖြင့် ရာဘ ခေါ် အဖီတမင်းဆေးပြားများ ပေါများနေပြီး ပြည်သူ့ဘက်တော်သားများ တိုင်တန်းမှု ရှိပါက လိုက်လံဖမ်းဆီးအရေးယူမှု ပြုလုပ်ပြီးသော်လည်း ခဏသာရပ်တန့်သွားကာ မကြာခင်အတွင်း ပြန်လည်ရောင်းဝယ်ဖောက်ကားလာသည်ကို တွေ့ရှိရပါတယ်။ မြို့နယ်ခပ်များများတွင် အုပ်စုဖွဲ့ကာ မူးယစ်ဆေးဝါးသုံးစွဲသော ချောင်ကျသည့် နေရာများစွာရှိနေပြီး၊ အဆိုပါ ဥပဒေမဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသုံးစွဲသည့် နေရာများကို သက်ဆိုင်ရာ ရဲဌာန သို့မဟုတ် ဒေသခံလူမှု အဖွဲ့အစည်းများ ဝင်ရောက်ဖမ်းဆီးအရေးယူခဲ့သော်လည်း ခဏတာ ရပ်တန့်သွားကာ မကြာခင် အတွင်း ထိုနေရာများ မူးယစ်ဆေးဝါးသောက်သုံးသူများဖြင့် ပြန်လည်စည်ကားလာပြန်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်ကို ကောင်းစွာနားမလည်ဘဲ အပြစ်ကို အကျိုးအဖြစ် ဒေသခံပြည်သူတချို့ အမှတ်မှားနေတဲ့ ကိစ္စတွေလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါတယ်။ အထူးသဖြင့် ရာဘ ခေါ် အဖီတမင်းဆေးပြားများကို သုံးစွဲလျှင် ပိုမိုအလုပ်လုပ်ကိုင်နိုင်ခြင်း၊ ၎င်း၏ ဆိုးကျိုးဖြစ်သော မအိပ်မနေ စိတ်ကြွနေခြင်းကို တက်ကြွလှုပ်ရှားနိုင်မှုဟု အမှတ်မှားကာ နေ့/ည ဆက်တိုက် မအိပ်မနေဆောင်ရွက်ရမည့် ပွဲလမ်းသဘင်ကိစ္စများတွေမှာ သုံးစွဲရန်အတွက် ရာဘသည် တစ်နေ့တခြား နာမည်ကျော်ကြားလာလျက်ရှိနေပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲပြီး ၎င်း၏ သားကောင် ဖြစ်သွားသူများသည် နောင်တရလာပါလျှင် ထိုသုံးစွဲမှုကို အမြစ်ပြတ်ရန်အတွက်လည်း မိမိတို့ဒေသ တွင် ဘိန်းဖြတ်ပေးသည့် ပြန်လည်ပြုစုပျိုးထောင်ခြင်း စခန်းများ အင်မတန်နည်းလွန်းလှပါသည်။ ထို့အပြင် တချို့မူးယစ်ဆေးစွဲသူများ၏ မိသားစုများမှ ၎င်းတို့ဘဝအသစ် တစ်ဖန်ပြန်လည်ရှင်သန်ရေး အတွက် ပြန်လည်၍ ပြုစုပျိုးထောင်ပေးလိုသော်လည်း ငွေကြေး၊ ဆေးဝါး၊ နေရာနှင့် နည်းပညာ မရှိခြင်းကြောင့် အဆုံးစွန်အထိဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ မူးယစ်ဆေးသားကောင် တစ်ဖြစ်လဲ ၎င်းတို့၏ ရင်သွေးများ ဝေဒနာခံစားနေရသည်ကို အကူအညီမဲ့ ရင်နင့်စွာဖြင့် ကြည့်နေခဲ့ရ ပြန်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) ဖြစ်သော နိုင်ငံတော်အခြေခံမူ ပုဒ်မ ၂၁(က)တွင်ပါရှိသော နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရှိသည်ဟူသည့် အချက်နှင့်အညီ နိုင်ငံသားတိုင်း၏ အသက် အိုးအိမ်စည်းစိမ်နှင့် တရားမျှတမှုကို စိန်ခေါ်မှုပြုနေသော မြို့ရွာအတွင်း မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားမှုများအား ပြည်သူ့ဘက်တော်သားများအကူအညီဖြင့် ထပ်မံ၍ မပေါ်ထွန်းလာနိုင်အောင်

အမြစ်ပြတ်ချေမှုန်းသွားစေလိုကြောင်း၊ ထို့အပြင် မြို့ရွာလုံခြုံမှုအား ခြိမ်းခြောက်နေသည့် အုပ်စုဖွဲ့ မူးယစ်ဆေးဝါးသုံးစွဲကာ ရမ်းကားသည့် ချောင်ကျသော နေရာများကို ထပ်မံအုပ်စုဖွဲ့ခိုလှုံမှု မရှိစေရေး အတွက် မြေလှန်၍ ဖယ်ရှားပေးစေလိုကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားကြောင်းကို အသိပညာ ဖြန့်ဖြူးရာတွင် မြို့တွင်းအပြင် ကျေးရွာများအထိပါ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် စေ့စေ့စပ်စပ် ဆောင်ရွက်စေလိုကြောင်း တင်ပြအပ်ပါသည်။

အဆိုပါ ဆောင်ရွက်မှုအား နိုင်ငံတော်၏ စီမံချက် ရက်(၁၀၀)တွင် ထည့်သွင်းထားပါက ကြိုဆိုကြောင်းနဲ့ မပါသေးလျှင် ထည့်သွင်းစေလိုပါသည်။ ဤအဆိုသည် မိမိမဲဆန္ဒနယ်၏ မြို့တစ်မြို့ ဖြစ်သော လားရှိုးမြို့နယ်တွင် နယ်လှည့်၍ အပြစ်မဲ့ ပြည်သူများကို ခါးဖြင့်လိုက်ခုတ်သော ဂိုဏ်းတစ် ဂိုဏ်းအား လိုက်လံဖော်ထုတ်ဖမ်းဆီးနေသည့် မြို့နယ်အာဏာပိုင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့များ၏ စွမ်းစွမ်းတမံဆောင်ရွက်မှုမှ အခြေခံပါသည်။ လားရှိုးမြို့နယ်၏ နာမည်ကျော်ကြားသည့် အုပ်စုဖွဲ့ မူးယစ်ဆေးဝါးသုံးစွဲသည့် ခေါင်ကျသော နေရာအများအပြားကို အာဏာပိုင်များမှ ဖော်ထုတ်ဖမ်းဆီး အရေးယူလျက်ရှိနေပါသည်။ ဤဆောင်ရွက်မှုအပေါ်အခြေခံပြီး မြို့နယ်အဆင့်မှ ခရိုင်၊ ပြည်နယ် စသည်ဖြင့် နိုင်ငံ့အဝန်းဆောင်ရွက်နိုင်ပါက ပိုမို သင့်မြတ်မည်ဖြစ်ပါကြောင်း တင်ပြလိုပါသည်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် အဆိုပါမူးယစ်ဆေးဝါးနှင့် ဆက်နွယ်မှုအားလုံးကို နိုင်ငံ့အဝန်းဖော်ထုတ်ဖမ်းဆီးအရေးယူ အမြစ်ပြတ်သုတ်သင်ရှင်းလင်းပေးပါ ကလည်း မိမိတို့၏ နိုင်ငံ့စွမ်းအားကို တဖန် ပြန်လည်ဖြစ်တည်လာနိုင်သော မူးယစ်ဆေးဝါးသုံးစွဲသူ များအား ပြုစုပျိုးထောင်မှုစခန်းများကို လိုအပ်သည့်နေရာများတွင် နိုင်ငံတော်၏ ဘတ်ဂျက်နှင့် ရေရှည်စီမံကိန်းအနေဖြင့် ဖွင့်လှစ်ပေးစေလိုကြောင်း တင်ပြအပ်ပါသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးသုံးစွဲသည့် ချောင် ကျသည့် နေရာများအား အမြစ်ပြတ်ရှင်းလင်း ဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲသူများ ပြန်လည်ပြုစုကုသ ပျိုးထောင်ပေးတဲ့စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အလေးအနက်ထား အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၉။**

**ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း ၏ ရှမ်းပြည်နယ်တစ်ခွင် ရပ်ကွက်/ကျေးရွာ ခပ်များများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီး

အရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများ သုံးစွဲသည့် ချောင်ကျသော နေရာများအား အမြစ်ပြတ် ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြန်လည်ပြုစုပျိုးထောင်ပေးသည့် စခန်းများလိုအပ်သည့် နေရာများတွင် ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းသည့် အဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းဝမ်းလှိုင်းခမ်း တင်သွင်းတဲ့ အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင် ရပ်ကွက်/ကျေးရွာ ခပ်များများတွင် မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများ သုံးစွဲသည့် ချောင်ကျသော နေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲသူများ ပြန်လည်ပြုစု ကုသပျိုးထောင်ပေးသည့် စခန်းများ လိုအပ်သည့် နေရာများတွင် ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းသည့် အဆိုဖြစ်ပါတယ်။

ဒါကြောင့် ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးစိုင်းဝမ်းလှိုင်းခမ်း တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့ကို ရပ်နား

ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၂၂ နာရီအချိန်တွင် ရပ်နားပါသည်။]